
Open
Myanmar
Initiative

လွှတ်တော်စောင့်ကြည့်လေ့လာရေး **အစီရင်ခံစာ အမှတ် (၄)**

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ဒုတိယမပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်)




**လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်**
**ပွင့်လင်းမြန်မာ့ရှေ့ဆောင်**
**မေ ၂၀၁၅**

လွှတ်တော် စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အမှတ် - ၄

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ဒဿမပုံမှန်အစည်းအဝေးကို
ကိန်းဂဏန်းအခြေပြု လေ့လာချက်)

---

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

Open
Myanmar
Initiative

အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၅၃ ၄၀ ၈၀
E-mail : research@omimyanmar.org

**မျက်နှာဖုံးဒီဇိုင်းဖွင့်ဆိုချက်**
မျက်နှာဖုံးပါ သရုပ်ဖော်ပုံမှာ
ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များတွင်
ဒသသမပုံမှန်အစည်းအဝေးအတွင်း
မေးမြန်းခဲ့သည့်မေးခွန်းအရေအတွက်နှင့်
တင်သွင်းခဲ့သည့်အဆိုအရေအတွက်များကို
နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။

**အစီရင်ခံစာပြုစုသူများ**
ရဲမင်း၊ ထက်ပိုင်

*၂၀၁၅ ခုနှစ် မေလတွင် ထုတ်ဝေသည်။*

## မြန်မာ့လွှတ်တော်ကို အရေအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် **မာတိကာ**


**အနှစ်ချုပ်** ၉

အခန်း (၁) **နိဒါန်း** ၁၁

၁.၁။ သုတေသနရည်ရွယ်ချက် ၁၁

၁.၂။ သုတေသန လုပ်ထုံးလုပ်နည်းများ ၁၃

၁.၃။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု ၁၃

၁.၃.၁။ အကြောင်းအရာ/ကဏ္ဍများကို အမျိုးအစားခွဲခြားခြင်း ၁၃

၁.၃.၂။ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့အပေါ် ရည်ရွယ်ချက်များကို အမျိုးအစားခွဲခြားခြင်း။ ၁၈

၁.၃.၃။ မေးမြန်းခဲ့သည့်မေးခွန်းများအပေါ် လွှတ်တော်၌ လာရောက်ဖြေဆိုသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ တုံ့ပြန်မှုများကို အမျိုးအစားခွဲခြားခြင်း။ ၁၉

၁.၃.၄။ အဆိုများတင်သွင်းခြင်းနှင့် သက်ဆိုင်သည့်နည်းနာဗေဒ။ ၂၁

၁.၃.၅။ တင်သွင်းခဲ့သော အဆိုများနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်များကို အမျိုးအစားခွဲခြားခြင်း။ ၂၁

အခန်း (၂) **လွှတ်တော်များ၏ နောက်ခံအကြောင်းအရာ** ၂၃

၂.၁။ ပြည်သူ့လွှတ်တော် ၂၄

၂.၂။ အမျိုးသားလွှတ်တော် ၂၅

၂.၃။ ပြည်ထောင်စုလွှတ်တော် ၂၆

၂.၄။ လွှတ်တော်အစည်းအဝေးများ ၂၇

အခန်း (၃) **လွှတ်တော်လုပ်ငန်းများအား လေ့လာခြင်း** ၂၉

၃.၁။ မေးခွန်းများကို လေ့လာခြင်း ၂၉

၃.၁.၁။ ပြည်သူ့လွှတ်တော်တွင် မေးမြန်းခဲ့သောမေးခွန်းများကိုလေ့လာခြင်း ၃၀

၃.၁.၂။ အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့သော မေးခွန်းများကို လေ့လာခြင်း။ ၃၇

၃.၂။ အဆိုများကို လေ့လာခြင်း ၄၅

၃.၂.၁။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း ၄၆

၃.၂.၂။ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကို လေ့လာခြင်း။ ၅၂

၃.၃။ ထုတ်ပြန်ခဲ့ပြီးသော ဥပဒေများ ၅၇

၃.၄။ ကော်မတီအလိုက် တင်သွင်းခဲ့သည့် အစီရင်ခံစာများ ၆၇

၃.၄.၁။ ပြည်သူ့လွှတ်တော် ကော်မတီများအလိုက် တင်သွင်းခဲ့သည့် အစီရင်ခံစာများ ၆၇

၃.၄.၂။ အမျိုးသားလွှတ်တော် ကော်မတီများအလိုက် တင်သွင်းခဲ့သည့် အစီရင်ခံစာများ ၆၇

၃.၅။ လွှတ်တော်ပုံမှန်အစည်းအဝေးကာလများအတွင်း လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု ၇၃

၃.၅.၁။ ပြည်သူ့လွှတ်တော် ဒုသသမပုံမှန်အစည်းအဝေးအတွင်း ခွင့်တိုင်ကြား
ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြ ဇယား ၇၄
၃.၅.၂။ အမျိုးသားလွှတ်တော် ဒုသသမပုံမှန်အစည်းအဝေးအတွင်း ခွင့်တိုင်ကြား
ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြ ဇယား ၇၅
၃.၅.၃။ ပြည်ထောင်စုလွှတ်တော် ဒုသသမပုံမှန်အစည်းအဝေးအတွင်း ခွင့်တိုင်ကြား
ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြ ဇယား ၇၆
အခန်း (၄) **ဒုသသမပုံမှန်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သောမေးခွန်းများနှင့်တင်သွင်းခဲ့သော
အဆိုများ၊ အတည်ပြုခဲ့သော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏
သုတေသနပြုလေ့လာတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များ** ၇၇
၄.၁။ သုတေသနပြုလေ့လာတွေ့ရှိချက်များ ၇၇
၄.၂။ တွေ့ရှိချက် ၇၈
၄.၃။ အကြံပြုချက်များ ၇၈
ကိုးကားစာရင်း ၈၁

# ဇယားများ မာတိကာ


ဇယား (၃.၁) ပြည်သူ့လွှတ်တော် ဒသသမ ပုံမှန်အစည်းအဝေး ကာလများအတွင်း ပါတီအလိုက် မေးခွန်းမေးမြန်းမှု ၃၁

ဇယား (၃.၂) ပြည်သူ့လွှတ်တော် ဒသသမအကြိမ်ပုံမှန် အစည်းအဝေးကာလများအတွင်း
ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းမှု ၃၃

ဇယား (၃.၃) ပြည်သူ့လွှတ်တော် ဒသသမအကြိမ်ပုံမှန် အစည်းအဝေးကာလများအတွင်း
ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းမှု ၃၃

ဇယား (၃.၄) ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေးကာလများအတွင်း အကြောင်းအရာ၊ ကဏ္ဍအလိုက်
မေးမြန်းခဲ့မှု။ ၃၅

ဇယား (၃.၅) ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေး ကာလများအတွင်း
ရည်ရွယ်ချက်အလိုက် မေးမြန်းခဲ့မှု။ ၃၆

ဇယား (၃.၆) ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေးကာလများအတွင်း တုံ့ပြန်ဖြေဆိုခဲ့မှု။ ၃၆

ဇယား (၃.၇) အမျိုးသားလွှတ်တော် ဒသသမပုံမှန်အစည်းအဝေးကာလများအတွင်း
ပါတီအလိုက် မေးခွန်းမေးမြန်းမှု။ ၃၉

ဇယား (၃.၈) အမျိုးသားလွှတ်တော် ဒသသမပုံမှန် အစည်းအဝေးကာလများအတွင်း သက်ဆိုင်ရာ
ပြည်နယ်/ တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းမှု။ ၄၁

ဇယား (၃.၉) အမျိုးသားလွှတ်တော် ဒသသမအကြိမ် ပုံမှန်အစည်းအဝေး ကာလများအတွင်း
အကြောင်းအရာ ကဏ္ဍအလိုက် မေးခွန်းမေးမြန်းခဲ့မှု။ ၄၃

ဇယား (၃.၁၀) အမျိုးသားလွှတ်တော် ဒသသမပုံမှန်အစည်းအဝေးကာလများအတွင်း
မေးခွန်းမေးမြန်းမှု ရည်ရွယ်ချက်။ ၄၃

ဇယား (၃.၁၁) အမျိုးသားလွှတ်တော် ဒသသမပုံမှန်အစည်းအဝေး ကာလများအတွင်း
မေးခွန်းမေးမြန်းမှု အကြောင်းအရာ၊ ကဏ္ဍနှင့် ရည်ရွယ်ချက်နှိုင်းယှဉ်မှု။ ၄၄

ဇယား (၃.၁၂) အမျိုးသားလွှတ်တော် ဒသသမပုံမှန် အစည်းအဝေးကာလများအတွင်း
မေးခွန်းမေးမြန်းမှုတွင် တုံ့ပြန်မှု။ ၄၄

ဇယား (၃.၁၃) ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေး ကာလအတွင်း ပါတီအလိုက် အဆိုတင်သွင်းမှု။ ၄၇

ဇယား (၃.၁၄) ပြည်သူ့လွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလအတွင်း
တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အဆိုတင်သွင်းမှု။ ၄၉
ဇယား (၃.၁၅) အမျိုးသားလွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလများအတွင်း
မေးခွန်းမေးမြန်းမှု ရည်ရွယ်ချက်။ ၅၀
ဇယား (၃.၁၆) ပြည်သူ့လွှတ်တော် ဒဿမပုံမှန်အစည်းအဝေး ကာလအတွင်း ပါတီအလိုက်
တင်သွင်းသည့် အကြောင်းအရာများ။ ၅၀
ဇယား (၃.၁၇) ပြည်သူ့လွှတ်တော် ဒဿမပုံမှန်အစည်းအဝေး ကာလအတွင်း တင်သွင်းသော
အဆိုများ၏ ရည်ရွယ်ချက်များ။ ၅၁
ဇယား (၃.၁၈) ပြည်သူ့လွှတ်တော် ဒဿမပုံမှန်အစည်းအဝေး ကာလအတွင်း ပါတီအလိုက်တင်သွင်းသည့်
အဆိုများ၏ ရည်ရွယ်ချက်များ။ ၅၁
ဇယား (၃.၁၉ ) ပြည်သူ့လွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းသော
အဆိုများအပေါ် ဆုံးဖြတ်ချက်များ။ ၅၁
ဇယား (၃.၂၀) အမျိုးသားလွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလအတွင်း
ပါတီအလိုက် အဆိုတင်သွင်းခဲ့မှုမှု။ ၅၄
ဇယား (၃.၂၁) အမျိုးသားလွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလအတွင်း
ပြည်နယ် /တိုင်းဒေသကြီးအလိုက် အဆိုတင်သွင်းခဲ့မှု၊ ၅၅
ဇယား (၃.၂၂) အမျိုးသားလွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလအတွင်း
အကြောင်းအရာအလိုက် အဆိုတင်သွင်းခဲ့မှု။ ၅၅
ဇယား (၃.၂၃) အမျိုးသားလွှတ်တော် ဒဿမပုံမှန်အစည်းအဝေးကာလအတွင်း ပါတီအလိုက်
အဆိုတင်သွင်းသည့် အကြောင်းအရာများ။ ၅၆

## ပုံများ မာတိကာ

ပုံ (၃-၁) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း တစ်ရက်ပျမ်းမျှ မေးခွန်းမေးမြန်းမှု ၂၉
ပုံ (၃-၂) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း စုစုပေါင်း မေးခွန်းမေးမြန်းမှု ၂၉
ပုံ (၃-၃) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီအလိုက် မေးခွန်းမေးမြန်းမှု ၃၁
ပုံ (၃-၄) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီးနှင့်
ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု ၃၂
ပုံ (၃-၅) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းမှုအများဆုံး
အကြောင်းအရာ ကဏ္ဍများကို ပါတီအလိုက် မေးမြန်းမှု ၃၄
ပုံ (၃-၆) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ပါတီအလိုက် မေးခွန်းမေးမြန်းမှု ၃၈
ပုံ (၃-၇) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးနှင့်
ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု ၄၀
ပုံ (၃-၈) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် မေးခွန်းမေးမြန်းမှုအများဆုံး
အကြောင်းအရာ ကဏ္ဍများကို ပါတီအလိုက် မေးမြန်းမှု ၄၂

ပုံ (၃-၉ ) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း တစ်ရက်ပျမ်းမျှ အဆိုတင်သွင်းမှု ၄၅

ပုံ (၃-၁၀) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း စုစုပေါင်း အဆိုတင်သွင်းမှု ၄၅

ပုံ (၃-၁၁) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းမှု ၄၇

ပုံ (၃-၁၂) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု ၄၈

ပုံ (၃-၁၃) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းသည့် အကြောင်းအရာကဏ္ဍများ ၄၉

ပုံ (၃-၁၄) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းမှု ၅၃

ပုံ (၃-၁၅) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု ၅၄

ပုံ (၃-၁၆) ၁၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းသည့် အကြောင်းအရာ ကဏ္ဍများ ၅၆

# ပါတီအမည်များနှင့် အတိုကောက်စကားလုံးများ

| | |
|---|---|
| AMRDP | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>All Mon Regions Democracy Party |
| CNDP/ CNP | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ယခင် ချင်းအမျိုးသားပါတီ)<br>Chin National Democratic Party (former Chin National Party) |
| CPP | ချင်းတိုးတက်ရေးပါတီ<br>Chin Progressive Party |
| DNDP | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ<br>Danu National Democracy Party |
| INDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Inn National Development Party |
| KPP | ကရင်ပြည်သူ့ပါတီ<br>Kayin Peoples Party |
| KSDDP | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Kayin State Democracy and Development Party |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု<br>National Democratic Force |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>National League for Democracy |
| NNDP | အမျိုးသားဒီမိုကရေစီပါတီသစ်<br>New National Democracy Party |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ<br>Pao National Organization |
| PSDP | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ<br>Phalon-Sawaw Democratic Party |
| RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>Rakhine Nationalities Development Party |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ<br>Shan Nationalities Democratic Party |
| TNP | တအာင်း(ပလောင်)အမျိုးသားပါတီ<br>Ta-Arng (Palaung) National Party |
| UDPKS | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)<br>Unity and Democracy Party of Kachin State |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>Union Solidarity and Development Party |
| WDP | "ဝ"ဒီမိုကရက်တစ်ပါတီ<br>Wa Democratic Party |

## မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်
## (ဒုသမ ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု လေ့လာချက်)
## အနှစ်ချုပ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်လေ့လာစောင့်ကြည့်ရေးအစီအစဉ်၏ အစီရင်ခံစာ အမှတ် (၄) တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ဒုသမပုံမှန် အစည်းအဝေးအတွင်း မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများကို အရေအတွက်ပြ သုတေသန နည်းဖြင့် လေ့လာဆန်းစစ်ရာမှ ထွက်ပေါ်လာသော တွေ့ရှိချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။

### မေးခွန်းမေးမြန်းမှု

ပြည်သူ့လွှတ်တော် ဒုသမပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၂၅၃)ခု ရှိခဲ့သည်ကို တွေ့ရပါသည်။ လွှတ်တော်အစည်းအဝေးတစ်ရက်လျှင် မေးခွန်းစုစုပေါင်း (၇) ခခန့် မေးမြန်းခဲ့ကြပါသည်။

အမျိုးသားလွှတ်တော် ဒုသမအကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း (၂၀၇)ခုရှိခဲ့သည်ကို တွေ့ရပါသည်။ လွှတ်တော်အစည်းအဝေးတစ်ရက်လျှင် မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း (၅.၆) ခုခန့် မေးမြန်းခဲ့သည်။

### အဆိုတင်သွင်းမှု

ပြည်သူ့လွှတ်တော် ဒုသမပုံမှန်အစည်းအဝေးအတွင်း တင်သွင်းခဲ့သော အဆိုစုစုပေါင်း (၁၇) ခု ရှိခဲ့သည်။ ရက်ပေါင်း (၃၈) ရက်အတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှ အဆို (၀.၅) ခု တင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

အမျိုးသားလွှတ်တော် ဒုသမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းခဲ့သော အဆိုစုစုပေါင်း (၁၀) ခုရှိခဲ့ပါသည်။ ရက်ပေါင်း (၃၇) ရက်တာကာလ အတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင်ပျမ်းမျှ အဆို (၀.၃) ခု တင်သွင်းနိုင်ခဲ့ကြောင်းတွေ့ရသည်။

### အကြောင်းအရာကဏ္ဍ

မေးခွန်းမေးမြန်းမှုတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မေးခွန်းများကို အများဆုံး မေးမြန်းခဲ့ကြသည်။ ပြည်သူ့လွှတ်တော်တွင် မေးခွန်းစုစုပေါင်း၏ ၂၆.၁ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် မေးခွန်းစုစုပေါင်း၏ ၂၁.၃ ရာခိုင်နှုန်းမှာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မေးခွန်းများဖြစ်သည်။ အဆိုတင်သွင်းမှုတွင် အုပ်ချုပ်ရေးဆိုင်ရာ အဆိုများကို အများဆုံး တင်သွင်းခဲ့ကြကြောင်းတွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သည့် အဆိုများ၏ ၁၇.၆ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ၏ ၂၀ ရာခိုင်နှုန်းမှာ အုပ်ချုပ်ရေးနှင့်သက်ဆိုင်သည့် အဆိုများဖြစ်သည်။

**ပါတီများ**

USDP သည် မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှုတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးတွင် အများဆုံးဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် မေးခွန်းအားလုံး၏ ၆၈ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် မေးခွန်းအားလုံး၏ ၆၀.၉ ရာခိုင်နှုန်းကို USDP ကမေးမြန်းခဲ့ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် အဆိုအားလုံး၏ ၄၇.၁ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် အဆိုအားလုံး၏ ၇၀ ရာခိုင်နှုန်းကို USDP က တင်သွင်းခဲ့ခြင်းဖြစ်သည်။

**မေးခွန်း၊ အဆိုများ၏ ရည်ရွယ်ချက်**

မေးခွန်းများအနက် အများစုမှာ မဲဆန္ဒရှင်များအား ကိုယ်စားပြုရေးကို ရည်ရွယ်သည့် မေးခွန်းများဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် မေးခွန်းအားလုံး၏ ၅၈.၁ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် မေးခွန်းအားလုံး၏ ၅၈.၅ ရာခိုင်နှုန်းမှာ ကိုယ်စားပြုသည့် မေးခွန်းများဖြစ်သည်။ အဆိုများအနက် အများစုမှာ အစိုးရအား စိစစ်ထိန်းကျောင်းရေးကို ရည်ရွယ်သည့် အဆိုများဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် တင်သွင်းသော အဆိုများအားလုံး၏ ၇၀.၆ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ အစိုးရအား စိစစ်ထိန်းကျောင်းရေးကို ရည်ရွယ်သည့် အဆိုများဖြစ်သည်။

**မေးခွန်းများအပေါ် တုံ့ပြန်မှု**

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှုများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ အပြုသဘောတုံ့ပြန်မှုများမှာ အများစုဖြစ်ခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် မေးခွန်းအားလုံး၏ ၄၈.၂ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် မေးခွန်းအားလုံး၏ ၄၂.၅ ရာခိုင်နှုန်းတို့မှာ အပြုသဘောဆောင်သည့် တုံ့ပြန်မှုများ ရရှိခဲ့ကြသည်။

**အဆိုများအပေါ် အဆုံးအဖြတ်**

ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးခဲ့သည့် အဆိုအများစု (၇၀.၆ ရာခိုင်နှုန်း) မှာ မှတ်တမ်းတင်ခံရပြီး၊ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် အဆိုအများစု (၈၀ ရာခိုင်နှုန်း) မှာ အတည်ပြုခံရသည်။

**ဥပဒေပြုခြင်း**

လွှတ်တော်သက်တမ်းတလျောက် ဥပဒေပြုမှုကို လေ့လာကြည့်ရာ လွှတ်တော်သက်တမ်းစတင်သည်မှ ၂၀၁၅ ခုနှစ် မတ်လအထိ ဥပဒေပေါင်း ၁၄၃ ခုကို အတည်ပြုခဲ့ပြီးဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထိုအထဲတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ရုတ်သိမ်းသည့် ဥပဒေ ၁၅ ခု၊ ပြင်ဆင်သည့်ဥပဒေ ၅၈ ခုနှင့် အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ ၇၀ ခုတို့ ပါဝင်ကြောင်းတွေ့ရပါသည်။

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ဒဿမပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု လေ့လာချက်)

လွှတ်တော်ကိုယ်စားလှယ်များ စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

## အခန်း (၁)
## နိဒါန်း

### ၁.၁ ။ သုတေသနရည်ရွယ်ချက်

လွှတ်တော်လေ့လာစောင့်ကြည့်ရေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လွှတ်တော် အခြေခံလုပ်ငန်းဆောင်တာများဖြစ်သည့် ကိုယ်စားပြုရေး၊ အစိုးရကို ထိန်းကျောင်းစိစစ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကဲခတ်သုံးသပ်နိုင်စေရန်ဖြစ်ပါသည်။ ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုအဆင့် ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့၏ ဆောင်ရွက်ချက်များအား မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်စားမှုနှင့် သိရှိနားလည်မှုတို့ကို တစ်ဆင့်ချင်းမြှင့်တင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များထဲမှ မေးခွန်းများနှင့် ပတ်သက်၍လည်းကောင်း၊ အဆိုများနှင့် ပတ်သက်၍လည်းကောင်း အရေအတွက်အခြေပြုမှ စတင်ခဲ့သည်။ ယခုအစီရင်ခံစာကမူ ယခင်ထုတ်ဝေခဲ့သည့် အစီရင်ခံစာ (၁)၊ (၂) နှင့် (၃) တို့ကဲ့သို့ ဆောင်ရွက်ချက်အမျိုးအစားတစ်ရပ် သို့မဟုတ် ကာလရှည်အပိုင်းအခြားဖြင့် လေ့လာမှုမဟုတ်ပဲ ဒဿမပုံမှန်အစည်းအဝေးတစ်ခုအတွင်း အချက်အလက်များကို အခြေခံထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မေးခွန်း၊ အဆိုများဆိုင်ရာ အချက်အလက်များသာမက၊ ဥပဒေအတည်ပြုမှု၊ ကော်မတီ အစီရင်ခံစာတင်သွင်းကြားနာမှု၊ ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုတို့ကိုပါ 'ဖြည့်စွက်' ဖော်ပြနိုင်ခဲ့ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ယခင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာများမှာ ပထမပုံမှန်အစည်းအဝေးကာလမှ ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွက်အချက်အလက်များကို စုစည်း၍ မေးမြန်းခဲ့သောကြယ်ပွင့်ပြမေးခွန်းများ အပေါ် ကိန်းဂဏန်းအခြေပြုလေ့လာတွေ့ရှိချက်အစီရင်ခံစာအမှတ် (၁)၊ ပထမပုံမှန်အစည်းအဝေးကာလမှ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအထိ လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွက်အချက်အလက်များကိုစုစည်း၍ တင်သွင်းခဲ့သော အဆိုများအပေါ် ကိန်းဂဏန်းအခြေပြု လေ့လာတွေ့ရှိချက်အစီရင်ခံစာအမှတ် (၂)၊ သတ္တမပုံမှန်အစည်းအဝေးကာလမှ နဝမပုံမှန်အစည်းအဝေးကာလများအထိ လွှတ်တော်အစည်းအဝေးသုံးကြိမ်အတွက် မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းများနှင့် တင်သွင်းခဲ့သော အဆိုများအားလုံး အပေါ် ကိန်းဂဏန်းအခြေပြု လေ့လာတွေ့ရှိချက်အစီရင်ခံစာအမှတ် (၃) တို့ဖြစ်သည်။ လွှတ်တော် အကြိမ်အရေအတွက်အားဖြင့် ခြောက်ကြိမ်စီနှင့် သုံးကြိမ်စီစုစည်းလေ့လာတင်ပြမှုပြုခဲ့ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခဲ့ရခြင်းမှာ ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအနေဖြင့် ပုံမှန်အစည်းအဝေးများကျင်းပမှုထက်နောက်ကျပြီး သုတေသနလေ့လာမှုပြုခဲ့ရသောကြောင့်ဖြစ်သည်။ လွှတ်တော်သက်တမ်းကာလတစ်လျောက်လုံး လွှတ်တော်၏လုပ်ငန်းဆောင်တာများအားလည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ခဲ့မှုများကို အစီရင်ခံ မှတ်တမ်းပြု ထုတ်ပြန်နိုင်ရန် ရည်သန်ခဲ့သောကြောင့် ဖြစ်ပါသည်။ သို့သော် ယခုအစီရင်ခံစာဖြစ်သည့် ဒသမ ပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သောမေးခွန်းများနှင့် တင်သွင်းခဲ့သောအဆိုများ၊ အတည်ပြုခဲ့သော ဥပဒေကြမ်းများအား ကိန်းဂဏန်းအခြေပြုလေ့လာတွေ့ရှိချက်များအား လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ခုတည်းကို ပိုင်းဖြတ်ပြီး လေ့လာတင်ပြထားသော ပထမဆုံး အစီရင်ခံစာဖြစ်ပါသည်။ ထိုကဲ့သို့ လွှတ်တော်အစည်းအဝေးတစ်ကြိမ်အတွက်ကို လေ့လာမှုပြုထားခြင်းသည် လွှတ်တော်များ၏ အစည်းအဝေးတစ်ကြိမ်စီအလိုက် သိရှိစေနိုင်ရန်ရည်ရွယ်ပါသည်။ ဤအစီအရင်ခံစာတွင် အသုံးပြုထားသော အချက်အလက် ကောက်ယူစုဆောင်းမှုများသည် ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှတ်တမ်းစာအုပ်များကို အခြေခံ၍ ကောက်ယူလေ့လာမှုပြုထားခြင်းဖြစ်ပါသည်။ ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် ယခုအစီရင်ခံစာကိုရေးသားတင်ပြရာတွင် လွှတ်တော်၏လုပ်ငန်းဆောင်တာများဖြစ်သည့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများရေးဆွဲတင်သွင်းခြင်း၊ လက်ခံဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းစသော လုပ်ငန်းစဉ်များကို လွှတ်တော်ပုံမှန်အစည်းအဝေးကာလတစ်ကြိမ်အတွင်း၌ ဆောင်ရွက်ခဲ့မှုများနှင့် လွှတ်တော်ကိုယ်စားလှယ် များ၏ လုပ်ဆောင်မှုများကိုဖော်ပြထားခြင်းဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ၊ လေ့လာသူများ၊ နီးနွယ်သက်ဆိုင်သူများ အနေဖြင့် အစည်းအဝေး တစ်ကြိမ်ချင်းစီကို ရှင်းလင်းလွယ်ကူစွာ လေ့လာနိုင်ကြစေရန် ရည်ရွယ်သည်။

## ၁.၂ ။ သုတေသန လုပ်ထုံးလုပ်နည်းများ

လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများကို လေ့လာရာတွင် ဥပဒေပြုလွှတ်တော်များ၏ အဓိကလုပ်ငန်းများဖြစ်သောဥပဒေပြုမှု၊ အစိုးရအားထိန်းကျောင်းစိစစ်မှုနှင့် မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြုနိုင်မှု စသည်တို့ကို လွှတ်တော်အစည်းအဝေးမှတ်တမ်းများမှ အချက်အလက်များထုတ်ယူပြီး အရေအတွက်ပြ သုတေသနပြုနည်းဖြင့် လေ့လာထားပါသည်။ ထိုနည်းတူ မေးခွန်းများနှင့် အဆိုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပိုင်းခြားလေ့လာမှုပြုခဲ့ပါသည်။ ယခုလေ့လာထားသောမေးခွန်းများသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်တွင် လာရောက်ဖြေဆိုခဲ့သော ကြယ်ပွင့်ပြမေးခွန်းများ ဖြစ်ပါသည်။ ၎င်းအပြင် ဒုတိယ ပုံမှန်အစည်းအဝေး ကာလများအတွင်း သက်ဆိုင်ရာလွှတ်တော်များအလိုက်အတည်ပြုခဲ့သော ဥပဒေကြမ်းများကိုလည်းကောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်တိုင်ကြားပျက်ကွက်ခဲ့မှုများကိုလည်းကောင်း လေ့လာမှုပြုခဲ့ပါသည်။

## ၁.၃ ။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် သုတေသနလေ့လာမှုပြုရာတွင် ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းအဓိပ္ပါယ်ဖွင့်ဆိုမှုများကို ယခင်အစီရင်ခံစာအမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ် (၃) တို့တွင် ဖွင့်ဆိုထားခဲ့သည့်အတိုင်း ဆက်လက်လေ့လာမှုပြုထားခဲ့ကြပါသည်။ အဆိုပါအဓိပ္ပါယ်ဖွင့်ဆိုထားရှိမှုများကို ယခုအစီရင်ခံစာတွင် အောက်ပါအတိုင်းထပ်မံ၍အကျဉ်းချုံးဖော်ပြပေးထားပါသည်။

### ၁.၃.၁ ။ အကြောင်းအရာ/ကဏ္ဍများကို အမျိုးအစားခွဲခြားခြင်း

မေးခွန်းများ၊ အဆိုများကို အကြောင်းအရာကဏ္ဍအလိုက်အခြေခံပြီး အမျိုးအစားခွဲခြားထားပါသည်။ ထိုသို့ခွဲခြားရာတွင် လာရောက်ကြားနာခံရသည့် အဖွဲ့အစည်းအလိုက်ခွဲခြားခြင်းမဟုတ်ဘဲ မေးခွန်း၊ အဆို၏ မူရင်းအကြောင်းအရာကိုသာ အခြေခံပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွင့်လှစ်ပေးရန်မေးမြန်းသောမေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လာရောက်ဖြေကြားသော်လည်း ပညာရေးဟုသာ သတ်မှတ်ပါသည်။ ယေဘုယျအမျိုးအစားခွဲခြားပုံကို အောက်ပါအတိုင်းပြုလုပ်ပါသည်။

#### (က) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

လမ်း၊ တံတား၊ ဆည်မြောင်း အပါအဝင် အဆောက် အအုံများဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းပြုပြင်ခြင်းတို့ ဖြစ်သည်။ သို့သော် ဆေးရုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းကို ကျန်းမာရေးဟု သတ်မှတ်ပြီး၊ စာသင်ကျောင်းများ ဆောက် လုပ်တိုးချဲ့ခြင်းတို့ကို ပညာရေးဟုသတ်မှတ်ပါသည်။

## (ခ) စိုက်ပျိုးရေး

စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းမှသည် သီးနှံများဈေးကောင်းရရေး၊ လယ်သမားများ၏ အခွင့်အရေး စသည်တို့ကို စိုက်ပျိုးရေး ဟူသောခေါင်းစဉ်အောက်တွင် ထည့်သွင်းသတ်မှတ်ထားပါသည်။

## (ဂ) ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်သည့်ကိစ္စများ၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံနှင့် စပ်လျဉ်းသည်တို့ကို ကျန်းမာရေးဟု ထည့်သွင်းသတ်မှတ်ပါသည်။

## (ဃ) ပညာရေး

ပညာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများတိုးချဲ့တည်ဆောက်မှု၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှု၊ ပညာရေးဝန်ထမ်းများ ခန့်ထားမှုတို့ကို ပညာရေးဟု သတ်မှတ်ပါသည်။

## (င) ယဉ်ကျေးမှုနှင့် အနုပညာ

ယဉ်ကျေးမှုအမွေအနှစ်များ၊ စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်စသည့် ကိစ္စရပ်များကို ယဉ်ကျေးမှုနှင့် အနုပညာဟုသတ်မှတ်ပါသည် ။

## (စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြစ်ချောင်းအင်းအိုင်၊ သစ်တော၊ ဇီဝမျိုးကွဲများနှင့် အခြားသော သဘာဝသယံဇာတများအား ထိန်းသိမ်းခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟုသတ်မှတ်ပါသည်။

## (ဆ) နိုင်ငံရေး

အုပ်ချုပ်ရေးစနစ်သစ်၊ စနစ်ဟောင်းတို့ကြောင့်ဖြစ်ပေါ်လာသောကိစ္စရပ်များ၊ ပါတီများ၊ ရွေးကောက်ပွဲများနှင့်နီးနွယ်နေသည့်ကိစ္စရပ်များကို နိုင်ငံရေးဟု သတ်မှတ်ပါသည်။

## (ဇ) မြေယာနှင့် အိုးအိမ်

အိုးအိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှု ၊ ရောင်းချပေါင်နှံမှု ၊ ဌားရမ်းမှုအပါအဝင် မြေယာနှင့် အိုးအိမ်များကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲ ကိုင်တွယ်သုံးစွဲမှုတို့ကို မြေယာနှင့် အိုးအိမ်ဟုသတ်မှတ်ပါသည်။

## (ဈ) အလုပ်သမားအရေး

အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပဋိပက္ခများ စသည်တို့ကို အလုပ်သမားအရေးအဖြစ် သတ်မှတ်ပါသည်။

## (ည) စွမ်းအင်

စွမ်းအင်ပုံစံတစ်မျိုးမျိုးအား ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဖြန့်ဝေမှုတို့ကို စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

## (ဋ) အုပ်ချုပ်ရေး

အစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်ပတ်သက်နေသည့် ကိစ္စရပ်များ၊ အုပ်ချုပ်ရေး ယန္တရား၏ တိုက်ရိုက် စီမံခန့်ခွဲမှုအောက်တွင်ရှိသော ကိစ္စရပ်များကို အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

## (ဌ) သယ်ယူပို့ဆောင်ရေး

ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများကို သယ်ယူပို့ဆောင်ရေး ဟုသတ်မှတ်ပါသည်။

## (ဍ) စက်မှုလုပ်ငန်း

ကုန်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ စီမံခြင်း၊ ပြုပြင်ပြောင်းလဲခြင်း စသည်တို့ကို စက်မှုလုပ်ငန်းဟု သတ်မှတ်ပါသည်။

## (ဎ) ဝန်ဆောင်မှုလုပ်ငန်း

သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းတို့မှအပ (ယင်းတို့သည်လည်း ဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော်လည်း ပိုမိုအသေးစိတ် သုံးသပ်နိုင်စေရန် ခွဲခြမ်းခဲ့ခြင်း ဖြစ်သည်) အခြားသော အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှု လုပ်ငန်းခေါင်းစဉ် အောက်တွင် ထည့်သွင်းထားသည်။

## (ဏ) ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှုများ၊ မူဝါဒများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအဖြစ် ခွဲခြမ်းသတ်မှတ်ပါသည်။

## (တ) ဖွံ့ဖြိုးတိုးတက်ရေး

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီ၊ အထောက်အပံ့များ၊ ဒေသအလိုက်နှင့် နိုင်ငံ အဝှမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးဟု သတ်မှတ်ပါသည်။

## (ထ) တိုင်းရင်းသားအရေး

ဗမာတိုင်းရင်းသားအပါအဝင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တိုင်းရင်းသားများ၏ အရေးကိစ္စများကို တိုင်းရင်းသားအရေးဟု သတ်မှတ်ပါသည်။

## (ဒ) တရားစီရင်ရေး

တရားရုံးများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှသည် တရားစီရင်ရေးစနစ် တစ်ခုလုံးနှင့်ပတ်သက်သည့် ကိစ္စများကို တရားစီရင်ရေးဟု သတ်မှတ်ပါသည်။

## (ဓ) ဘာသာရေး

နိုင်ငံသားတို့၏ ယုံကြည် ကိုးကွယ်မှုနှင့် သက်ဆိုင်သောကိစ္စရပ်များ အားလုံးကို ဘာသာရေး ဟုသတ်မှတ်ပါသည်။

## (န) အားကစား

အားကစားနည်းများအား လူထုအကြားပျံ့နှံ့စေရေး၊ အားကစားကွင်းများအား စီမံခန့်ခွဲရေး တို့ကို အားကစားဟုဖော်ပြပါသည်။

## (ပ) စီးပွားရေး

ကူးသန်းရောင်းဝယ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အကျိုးအမြတ်အလို့ငှာ ဆောင်ရွက် သောလုပ်ငန်းများ နှင့်ပတ်သက်သည့်ကိစ္စများကို စီးပွားရေးဟု သတ်မှတ်ပါသည်။

## (ဖ) လူမှုရေး အထောက်အပံ့

နိုင်ငံသားတိုင်း ဆင်းရဲနိမ့်မြင့်မရွေး လူမှုဘဝ တိုးတက်မြင့်မားစေရေး၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်နိုင်ရေး စသည်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အထောက်အပံ့များကို လူမှုရေးအထောက်အပံ့ဟု သတ်မှတ်ပါသည်။`

## (ဗ) အခွန်ကောက်ခံရေး

အခွန်ကောက်ခံရေး၊ လျှော့ပေါ့ပေးရေးအပါအဝင် အခြားအခွန်ဆိုင်ရာ စီမံခန့်ခွဲမှု အားလုံးကို အခွန်ကောက်ခံရေးအဖြစ် သတ်မှတ်ပါသည်။

## (ဘ) ငြိမ်းချမ်းရေး

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များကို ငြိမ်းချမ်းရေးဟု သတ်မှတ်ပါ သည်။

## (မ) နိုင်ငံသားများ၏ အခွင့်အရေး

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် စသည့်နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေး များနှင့်သက်ဆိုင်သည့် ကိစ္စများကို နိုင်ငံသားများ၏ အခွင့်အရေး ဟုသတ်မှတ်ပါသည်။

## (ယ) ဥပဒေပြုရေး

ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် ဥပဒေနှင့်ပတ်သက် သည့် ကိစ္စရပ်များကို ဥပဒေပြုရေး ဟုသတ်မှတ်ပါသည်။

## (ရ) ဘဏ္ဍာရေး

ပုဂ္ဂလိကဘဏ်များ၊ အစိုးရဘဏ်များ၊ သမဝါယမဘဏ်များနှင့် သက်ဆိုင်သည့် ချေးငွေရယူခြင်း၊ အာမခံထားခြင်းဆိုင်ရာစာချုပ်စာတမ်းများ၊ ငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဘဏ္ဍာရေးဟုသတ်မှတ်ပါသည်။

## (လ) သဘာဝသယံဇာတ

ဓါတ်သတ္တု၊ သဘာဝဓါတ်ငွေ့၊ သစ်တောထွက်ပစ္စည်းများ။ ရေအရင်းအမြစ်နှင့် အခြား သော ကျောက်မျက်ရတနာများ တူးဖော်ထုတ်ယူမှုများနှင့် သက်ဆိုင်သောကိစ္စရပ်များ အားလုံးကို သဘာဝသယံဇာတ အရင်းအမြစ်ဆိုင်ရာများဟု သတ်မှတ်ပါသည်။

## (သ) ရင်းနှီးမြှုပ်နှံမှု

စီးပွားရေးဖန်တည်ဆောက်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးမြှုတ်နှံမှုဆိုင်ရာများ၊ အလတ်စား၊ အသေးစား စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှု ဟု သတ်မှတ်ပါသည်။

## (ဟ) မွေးမြူရေး

တိရစ္ဆာန်များ မွေးမြူရေး၊ မျိုးစိပ်အသစ်များ ထပ်မံတိုးချဲ့မွေးမြူခြင်း၊ မျိုးပွားခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်သည့် ကိစ္စရပ်များ အားလုံးကို မွေးမြူရေးဟု သတ်မှတ်ပါသည်။

## ၁.၃.၂ ။ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့အပေါ် ရည်ရွယ်ချက်များကို အမျိုးအစားခွဲခြားခြင်း။

လွှတ်တော်၏လုပ်ငန်းဆောင်တာများဖြစ်သည့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကိုလေ့လာရာတွင် ကိုယ်စားပြုမှု ၊ အစိုးရအား ထိန်းကျောင်းစိစစ်မှု နှင့် ဥပဒေပြုမှု စသည်တို့ကို ခွဲခြားသိမြင်နိုင်ရန်အတွက် ကြယ်ပွင့်ပြမေးခွန်းများ၊ တင်သွင်းခဲ့သောအဆိုများအားလုံး၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်းအမျိုးအစားခွဲခြားကောက်ယူခဲ့ပါသည်။

### (က) ကိုယ်စားပြုမှု

ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများတွင် မေးမြန်းတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ မဲဆန္ဒနယ်မှ ပြည်သူတစ်ရပ်လုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို ကိုယ်စားပြု၍ မေးမြန်းတင်သွင်းမှု ပြုလုပ်ခြင်းကို ကိုယ်စားပြုမှု ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်ဟု သတ်မှတ်ပါသည်။

### (ခ) အစိုးရအား ထိန်းကျောင်းစိစစ်မှု

မဲဆန္ဒနယ်တစ်ခုကို ကိုယ်စားပြုသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ယင်း၏ မဲဆန္ဒနယ်ကို ကျော်လွန်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုများကိုမူ ကိုယ်စားပြုမှုဟု မယူဆဘဲ အစိုးရအား ထိန်းကျောင်းစိစစ်မှုအဖြစ် ကောက်ယူပါသည်။ ထို့ပြင် အစိုးရ၏ ရပ်တည်ချက်၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်ချက်များ အပါအဝင် အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်သက်ဆိုင်နေသော အကြောင်းအရာများကို မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ကိုလည်း အစိုးရအား ထိန်းကျောင်းစိစစ်မှုအဖြစ် သတ်မှတ်ပါသည် ။

### (ဂ) ဥပဒေပြုမှု

ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း အဆင့်ဆင့်ဆောင်ရွက်ကြခြင်းကို ဥပဒေပြုမှုအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းအဖြစ် သတ်မှတ်ပါသည်။

## ၁.၃.၃ ။ မေးမြန်းခဲ့သည့်မေးခွန်းများအပေါ် လွှတ်တော်၌ လာရောက်ဖြေဆိုသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ တုံ့ပြန်မှုများကို အမျိုးအစား ခွဲခြားခြင်း။

လွှတ်တော်အတွင်းမေးမြန်းသည့် မေးခွန်းများကို ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားနိုင်ကြောင်းတွေ့ရသည်။ (က) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကိုသိရှိလိုသည့်အခါ မေးခွန်းများ မေးမြန်းလေ့ရှိသည်။ (ခ) ယင်းတို့၏ မဲဆန္ဒနယ်များနှင့်ပတ်သက်သည့်ကိစ္စများကို ပြည်ထောင်စုအဖွဲ့အစည်းများက ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိလည်း မေးမြန်းလေ့ရှိသည်။ (ဂ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီး၏ ရပ်တည်ချက်များနှင့် မူဝါဒများကိုအတည်ပြုချက်ရယူမေးမြန်းသည့် မေးခွန်းများလည်းရှိပါသည်။ ထို့အတွက် တုံ့ပြန်မှုများကို အမျိုးအစားခွဲခြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ပြန်လည်ရှင်းလင်းဖြေကြားသည့် တုန့်ပြန်မှုများအလိုက် အမျိုးအစားခွဲခြားခြင်းကို အဆင့်ငါးဆင့်ပိုင်းခြား၍လေ့လာထားသည်။ ၄င်းတို့မှာ အပြုသဘောဆောင်သည့်တုံ့ပြန်မှု၊ ငြင်းဆန်သည့်တုံ့ပြန်မှု၊ မရှင်းလင်းသည့် တုံ့ပြန်မှု၊ ရောပြွမ်းတုံ့ပြန်မှုနှင့် ဆောင်ရွက်ဆဲဟုတုံ့ပြန်မှုတို့ ဖြစ်ပါသည်။ မေးမြန်းမှုအဖြစ်သက်ဝင်ခြင်းမရှိဘဲ မေးခွန်းအဖြစ်မှ မေးမြန်းသူက ပြန်လည်ရုတ်သိမ်းခြင်းမျိုးကိုလည်း ခြွင်းချက်အဖြစ်မြင်တွေ့နိုင်ပါသည်။

### (က) အပြုသဘောဆောင်သည့် တုံ့ပြန်ချက်

လွှတ်တော်သို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် သို့မဟုတ် ကိုယ်စားလာရောက်ဖြေကြားသောပုဂ္ဂိုလ်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းစွာဖြေကြားပြီး တိကျသော ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးပါမည်ဟူသည့် တိကျသော ကတိကဝတ်ဖြစ်ပါက အပြုသဘောဆောင်သည့်တုံ့ပြန်ချက်ဟုသတ်မှတ်ပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရပ်တည်ချက်၊ မူဝါဒများကို မေးမြန်းသည့် မေးခွန်းများတွင်မူ တိကျရှင်းလင်းသည့် မူဝါဒချပြနိုင်မှုပေါ် မူတည်၍ အပြုသဘောဆောင်သည့် တုံ့ပြန်မှုဟု ယူဆခြင်းဖြစ်သည်။

### (ခ) ငြင်းဆိုသည့် တုံ့ပြန်ချက်

ငြင်းဆိုသည်ဟု သတ်မှတ်ခံရသည့် တုံ့ပြန်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုသော ကိစ္စရပ်များကို တိကျသည့် ဘဏ္ဍာနှစ်တစ်ခုအတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဟု ဖြေကြားသော အဖြေများနှင့် တိကျသောမူဝါဒကိုချမပြနိုင်သည့် တုံ့ပြန်ချက်များကိုသတ်မှတ်ခြင်းဖြစ်သည်။ အကယ်၍ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပါအကြောင်းအရာနှင့်ပတ်သက်၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်မကိုက်ညီသောကြောင့်လည်းကောင်း၊ အစိုးရ၏ဘဏ္ဍာရေးအခြေအနေကြောင့်သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိဟုတုံ့ပြန်မှု များကိုလည်း ငြင်းဆိုသည့်တုံ့ပြန်ချက်များဟူ၍ သတ်မှတ်သည်။

## (ဂ) မရှင်းလင်းသည့် တုံ့ပြန်ချက်

မေးခွန်းများကို တိတိကျကျဖြေကြားခြင်းမရှိသောအဖြေများ၊ တိကျသောမူဝါဒ၊ ရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားနိုင်မှုမရှိသည့် တုံ့ပြန်ချက်များကို မရှင်းလင်းသည့်တုံ့ပြန်ချက်များအဖြစ်သတ်မှတ်ပါသည်။ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်က မေးခွန်းပါ အကြောင်းအရာနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန် တိကျသောဘဏ္ဍာရေးနှစ် သတ်မှတ်ဖော်ပြခြင်းမရှိသော တုံ့ပြန်မှုများကို လည်းမရှင်းလင်းသည့် တုံ့ပြန်ချက်များ ဖြစ်သည်ဟု သတ်မှတ်သည်။

## (ဃ) ရောပြွမ်းတုံ့ပြန်ချက်

လွှတ်တော်အမတ်များသည် တစ်ခုထက်ပိုသော မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းခြင်းကြောင့်ဖြစ်စေ၊ လာရောက်ဖြေကြားသော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်သည် မေးခွန်းကို ဆစ်ပိုင်းဖြေကြားခြင်းကြောင့်ဖြစ်စေ ရောပြွမ်းတုံ့ပြန်ချက်များဖြစ်လာလေ့ရှိပါသည်။ ဥပမာအားဖြင့် မေးခွန်း၏ အစိတ်အပိုင်းတစ်ရပ်ကို အပြည့်အဝသောဖြေကြားပြီး၊ ကျန်အစိတ်အပိုင်းတစ်ရပ်ကိုမူ မတူညီသည့်တုံ့ပြန်မှုအမျိုးအစားတစ်ခုဖြင့် ဖြေကြားပါက ရောပြွမ်း တုံ့ပြန်ချက်များအဖြစ် သတ်မှတ်ပါသည်။

## (င) ဆောင်ရွက်ဆဲဟု တုံ့ပြန်ချက်

ကိစ္စတစ်ရပ်သည် မေးခွန်းမေးမြန်းသည့်ကာလတွင် သို့မဟုတ် ၄င်းဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော အကြောင်း အရာဖြစ်သည် ဟုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်က "သိလိုသဖြင့်" မေးမြန်းသော မေးခွန်းနှင့်လျော်ညီစွာ အဆင့်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်လျက်ဖြစ်ကြောင်းဖြေကြားပါက ထိုတုံ့ပြန်ချက်များကို ဆောင်ရွက်ဆဲဟု သတ်မှတ်ပါသည်။

## ၁.၃.၄။ အဆိုများတင်သွင်းခြင်းနှင့် သက်ဆိုင်သည့်နည်းနာဗေဒ။

အဆိုများနှင့်ပတ်သက်သော အချက်အလက်များ ကောက်ယူရာတွင် ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆိုများနှင့် ဥပဒေကြမ်းတင်သွင်းရာတွင် လုပ်ထုံးလုပ်နည်းများအရ တင်သွင်းရသော အဆိုများမှအပ ကျန်အဆိုများကိုထည့်သွင်းကောက်ယူထားပါသည်။ အဆိုဆွေးနွေးချက်များကို ကောက်ယူရာတွင်လည်း အဆိုတစ်ခု တင်သွင်းသင့်ကြောင်း၊ ထောက်ခံဆွေးနွေးချက်များကို ထည့်သွင်းရေတွက်ခြင်းမပြုပါ။ အဆိုကို ဆွေးနွေးရန် လွှတ်တော်မှ လက်ခံသဘောတူပြီး နောက်ပိုင်း တင်သွင်းခဲ့သည့်အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးခြင်း၊ ကန့်ကွက်ဆွေးနွေးခြင်းများကိုသာ အချက်အလက်အဖြစ်ကောက်ယူမှု ပြုပါသည်။

## ၁.၃.၅။ တင်သွင်းခဲ့သော အဆိုများနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်များကို အမျိုးအစားခွဲခြားခြင်း။

အဆိုများအပေါ် လွှတ်တော်၏ ဆုံးဖြတ်ချက်ချခြင်းနှင့် ပတ်သက်ပြီး အောက်ဖော်ပြပါအတိုင်း အခြေအနေ (၆) မျိုး ယေဘုယျ ပိုင်းခြားသတ်မှတ် လေ့လာထားပါသည်။

(၁) တင်သွင်းသူလွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က မိမိဆန္ဒအရကိုယ်တိုင်ရုတ်သိမ်းသည့်အဆို

(၂) အဆိုအား လွှတ်တော်တွင် ဆွေးနွေးရန် ဖတ်ကြားတင်သွင်းရာတွင် တက်ရောက်သည့်ကိုယ်စားလှယ် သုံးပုံတစ်ပုံနှင့်အထက် သဘောတူညီမှု မရှိသဖြင့်ပယ်ချခံရသည့်အဆို

(၃) လွှတ်တော်၏ သဘောတူညီမှုဖြင့် အတည်ပြုခြင်းခံရသည့်အဆို

(၄) လွှတ်တော်မှ အတည်ပြုရန် လက်ခံခြင်းမရှိသည့်အဆို

(၅) လွှတ်တော်မှ အတည်မပြုသော်လည်း အဆိုတင်သွင်းသူ၏ သဘောဆန္ဒအရ မှတ်တမ်းတင်ခြင်းခံရသည့်အဆို

(၆) လွှတ်တော်တွင် ဆွေးနွေးရန် သဘောတူထားသော်လည်း ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့်အဆို - ဟူ၍ပိုင်းခြားသတ်မှတ်ပါသည်။

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲစနစ် အဆို

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် မှတင်သွင်းခဲ့သော "မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပမည့် စနစ်တစ်ခုကို ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်းအဆို" နှင့်စပ်လျဉ်း၍ ၎င်းအဆိုတင်သွင်းမှုအပေါ် ပါတီ (၁၀) ပါတီမှ ဝင်ရောက်ဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ် (၄၀) ဦးဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ကိုယ်စားလှယ် (၁၄) ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ မှ  ကိုယ်စားလှယ် (၁၀) ဦး၊ တပ်မတော်သား ကိုယ်စားလှယ် (၄) ဦး၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RNDP)နှင့် အမျိုးသား ဒီမိုကရေစီအင်အားစု (NDF) ပါတီ တို့မှ ကိုယ်စားလှယ် (၃) ဦးစီနှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ် ပါတီ (PSDP) မှ (၂) ဦး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ (NUP)၊ ချင်းအမျိုးသားပါတီ (CNP)၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) (UDP)၊ ချင်းတိုးတက်ရေးပါတီ (CDP)တို့မှ ကိုယ်စားလှယ် (၁) ဦးစီ အသီးသီးဝင်ရောက်ဆွေးနွေးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲစနစ် အဆို

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် (အမျိုးသားဒီမိုကရေစီအင်အားစု(NDF) ပါတီ တင်သွင်းခဲ့သော "လာမည့် ပါတီစုံမည်သည့် ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ် ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆို" နှင့်စပ်လျဉ်း၍ ၎င်းအဆိုတင်သွင်းမှု အပေါ် ပါတီ (၁၀)ပါတီနှင့် တပ်မတော်သားကိုယ်စားလှယ်များမှ ဝင်ရောက်ဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ် (၂၅) ဦးဖြစ်ကြောင်းလေ့လာတွေ့ရှိခဲ့ရပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)မှ ကိုယ်စားလှယ် (၇)ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ ကိုယ်စားလှယ် (၄)ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၄)ဦး၊ ရခိုင်တိုင်းရင်းသားများဖွံ့ဖြိုး တိုးတက်ရေးပါတီ (RNDP)မှ ကိုယ်စားလှယ် (၂)ဦးနှင့် အမျိုးသားဒီမိုကရေစီအင်အားစု (NDF)ပါတီ မှ ကိုယ်စားလှယ် (၂)ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြပါသည်။ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMRDP)၊ ချင်းတိုးတက်ရေးပါတီ (CPP)၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP)၊ ဝ ဒီမိုကရက်တစ်ပါတီ (WDP)၊ တအောင်း(ပလောင်)အမျိုးသားပါတီ (TPNP)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP)တို့မှ ကိုယ်စားလှယ် (၁)ဦးစီ အသီးသီးဝင်ရောက် ဆွေးနွေးခဲ့ကြောင်းလေ့လာတွေ့ရှိခဲ့ပါသည်။



# အခန်း (၂)
# လွှတ်တော်များ၏ နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံ၏ ဥပဒေပြု လွှတ်တော်ကို ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားပြီး၊ ထိုလွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်တွင်သည်။ ထို့ကြောင့်မြန်မာနိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံး ထားခြင်းဖြစ်ပါသည်။ ထိုလွှတ်တော်နှစ်ရပ်လုံးတွင် ပါဝင်သည့် ရွေးကောက်ခံကိုယ်စားလှယ် အရေအတွက်၏ သုံးပုံတစ်ပုံစီကိုတပ်မတော်သား ကိုယ်စားလှယ်များခန့်အပ်ထည့်သွင်းထားခြင်းကြောင့် လွှတ်တော်နှစ်ရပ်တွင် ရွေးကောက်ခံကိုယ်စားလှယ် အရေအတွက်မှာ (၇၅) ရာခိုင်နှုန်းဖြစ်သည်။ သို့သော် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသောကြောင့် လည်းကောင်း၊ အစိုးရတာဝန်ထမ်းဆောင်ရန် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နှုတ်ထွက်သွားသောကြောင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်သွားသောကြောင့် လည်းကောင်း လစ်လပ်နေသည့် နေရာများလည်းရှိနေသည်။

## ၂.၁ ပြည်သူ့လွှတ်တော်

၁၀၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄) ဥပဒေပြုရေး ပုဒ်မ ၁၀၉ အရ ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး (၄၄၀) ဦးဖြင့်အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့်မြို့နယ်ကို တစ်ဆက်တည်းဖြစ်သော သင့်လျော်သည့်မြို့နယ်တစ်ခုခုနှင့်ပူးပေါင်း၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင် မြှောက်သည့် ၃၃၀ ဦး ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

( ခ ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

တစ်မြို့နယ်လျှင်တစ်ယောက်နှုန်းဖြင့် မြို့နယ်စုစုပေါင်း (၃၃၀) အတွက် လွှတ်တော်ကိုယ်စားလှယ် (၃၃၀) ဦးနှင့် ကိုယ်စားလှယ်စုစုပေါင်း၏သုံးပုံတစ်ပုံ တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအတွက် (၁၁၀) ဦး၊ စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၄၀) ဦးရှိရမည် ဖြစ်သော်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း ရှမ်းပြည်နယ်၌ပါဝင်သော ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်နှင့် မိုင်းလားမြို့နယ်တို့တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၅) နေရာလစ်လပ် ခဲ့ပါသည်။ သို့အတွက် ပြည်သူ့လွှတ်တော်တွင် ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်စုစုပေါင်းသည် (၃၂၅) ဦးသာ ရှိနေသည်။ ထို့အတူပင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလတွင်လည်း အဆိုပါ ၂၀၁၀ ခုနှစ် ကြားဖြတ်ရွေး ကောက်ပွဲ လစ်လပ်နေရာများကို ထည့်သွင်းကျင်းပခြင်း မပြုခဲ့သည့်အပြင် ကချင်ပြည်နယ်ရှိ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ ဗန်းမော်မြို့နယ်များတွင်လည်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးနိုင်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်သောကြောင့် ပြည်သူ့လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ်ဦးရေသည် အမှန်တကယ်ရှိရမည့် (၃၃၀) ဦးထက် လျော့နည်းနေပြီး ၂၀၁၄ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ (၁၀) နေရာ ထပ်မံလစ်လပ်သွားခဲ့ပြီး၊ ထိုလစ်လပ်နေရာများအတွက် ကျင်းပပေးရမည့် ၂၀၁၄ ကြားဖြတ်ရွေးကောက်ပွဲများကိုလည်း ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက် ယခုအစီရင်ခံစာပြုစုသည့် အချိန်ထိ ပြည်သူ့လွှတ်တော်၌ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ် ဦးရေသည်စုစုပေါင်း (၃၁၂) ဦးသာကျန်ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။

တပ်မတော်သားကိုယ်စားလှယ်များကို ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းခန့်အပ်ထားခြင်းဖြစ်ပြီး အမည်စာရင်းပြောင်းလဲ၍ အစားထိုးခန့်အပ်မှုကို (၂၂) ကြိမ် ပြုလုပ်ခဲ့သည်ကိုတွေ့ရှိရပြီး တပ်မတော်သား ကိုယ်စားလှယ်ဦးရေမှာ (၁၁၀) ဦးအပြည့်အဝ ထားရှိနိုင်သည်ကို လည်းတွေ့ရှိခဲ့ပါသည်။

## ၂.၂ အမျိုးသားလွှတ်တော်

၁၄၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄) ဥပဒေပြုရေး ပုဒ်မ ၁၄၁ အရ

အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး (၂၂၄) ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်။

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး သက်ဆိုင်ရာပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီတူညီစွာ ဖြင့်ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

( ခ ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်ကဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့်တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး၊

( ဂ ) ပုဒ်မခွဲ (က) နှင့် ( ခ ) တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စု နယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက် တင်မြှောက်ရန်ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးတစ်ခုလျင် (၁၂) ယောက်နှုန်းဖြင့် အညီအမျှစေလွှတ်သော အမျိုးသား လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၆၈)ဦးနှင့် တပ်မတော် သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအတွက် (၅၆) ဦး၊ စုစု ပေါင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက် ပွဲနောက်ပိုင်း အမျိုးသားလွှတ်တော်၌ ရွေးကောက်ခံ ကိုယ်စားလှယ်နေရာ (၆) နေရာလစ်လပ် ခဲ့သည်ကို ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲကျင်းပ၍ ပြန်လည်ဖြည့်စွက် နိုင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ လစ်လပ်ခဲ့သော ရွေးကောက်ခံ ကိုယ်စားလှယ်နေရာ (၆) နေရာအတွက် ယခုအချိန်အထိ ပြန်လည်ဖြည့်စွက်နိုင်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်သောကြောင့် အမျိုးသားလွှတ်တော်၌ ရွေးကောက်ခံကိုယ်စားလှယ် နေရာသည် (၁၆၂) နေရာသာ ရှိနေသည်ကိုတွေ့ရမည် ဖြစ်သည်။ တစ်ဖက်တွင်လည်း တပ်မတော်သား ကိုယ်စား လှယ်များကို ကာကွယ်ရေးဦးစီး ချုပ်၏အမည်စာရင်းတင်သွင်း ခန့်အပ်ထားခဲ့ပြီး အမည်စာရင်း ပြောင်းလဲ၍ အစားထိုးခန့်အပ်မှုကို (၁၂) ကြိမ် ပြုလုပ်ခဲ့သော် လည်း တပ်မတော်သား ကိုယ်စားလှယ်ဦးရေမှာ (၅၆) ဦး အပြည့်အဝထားရှိသည်ကိုတွေ့ရပါသည်။

## ၂.၃ ပြည်ထောင်စုလွှတ်တော်

**ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းခြင်း**

၇၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄) ဥပဒေပြုရေး ပုဒ်မ ၇၄ အရ ပြည်ထောင်စုလွှတ်တော်တွင် အောက်ပါလွှတ်တော်နှစ်ရပ်ပါဝင်သည်။

(က) ပုဒ်မ ၁၀၉ ပါပြဋ္ဌာန်းချက်များနှင့်အညီ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များတို့ဖြင့် ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်၊

(ခ) ပုဒ်မ ၁၄၁ ပါပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှဦးရေတူညီစွာရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကအမည်စာရင်းတင်သွင်းသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များတို့ဖြင့်ဖွဲ့စည်းသည့် အမျိုးသား လွှတ်တော်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် (၃၃၀) ဦး၊ တပ်မတော်သား ကိုယ်စားလှယ် (၁၁၀) ဦးတို့အပါအဝင် ကိုယ်စားလှယ် (၄၄၀) ဦး နှင့် အမျိုးသားလွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် (၁၆၈) ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၅၆) ဦး တို့အပါအဝင် ကိုယ်စားလှယ် (၂၂၄) ဦးပါဝင်ပြီး ရွေးကောက်ခံကိုယ်စားလှယ် (၄၉၈) ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၁၆၆) ဦး၊ စုစုပေါင်း (၆၆၄) ဦးဖြင့်ဖွဲ့စည်းထားပါသည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၌ ကိုယ်စားလှယ်ဦးရေသည် (၆၆၄) ဦးရှိရမည်ဖြစ်သော်လည်း ယခုလက်ရှိတွင် ပြည်သူ့လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် (၃၁၂) ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၁၁၀) ဦး စုစုပေါင်း (၄၂၂) ဦးနှင့် အမျိုးသားလွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် (၁၆၂) ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၅၆) ဦး စုစုပေါင်း (၂၁၈) ဦးတို့ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၆၄၀) ဦးဖြင့် ဖွဲ့စည်းထားသည်။

## ၂.၄ လွှတ်တော်အစည်းအဝေးများ

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပပြီးနောက် လွှတ်တော်များ စတင်ခေါ်ယူခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပြည်ထောင်စုအဆင့်လွှတ်တော်များ ဖြစ်သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တို့သည် ပုံမှန်အစည်းအဝေးပေါင်း (၁၁) ခုကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးများကျင်းပခဲ့သည့် အချိန်ဇယားတို့ကို အောက်တွင်လေ့လာနိုင်သည်။

### လွှတ်တော် ကျင်းပချိန်များ (၂၀၁၁ - ၂၀၁၄)

#### ပထမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၃၁ ဇန်နဝါရီ ၂၀၁၁ မှ ၂၃ မတ် ၂၀၁၁ ထိ (၁၄ ရက်)
အမျိုးသားလွှတ်တော် - ၃၁ ဇန်နဝါရီ ၂၀၁၁ မှ ၂၃ မတ် ၂၀၁၁ ထိ (၁၄ ရက်)
ပြည်ထောင်စုလွှတ်တော် - ၃၁ ဇန်နဝါရီ ၂၀၁၁ မှ ၃၀ မတ် ၂၀၁၁ ထိ (၁၈ ရက်)

#### ဒုတိယပုံမှန်အစည်းအဝေး


ပြည်သူ့လွှတ်တော် - ၂၂ ဩဂုတ် ၂၀၁၁ မှ ၂၄ နိုဝင်ဘာ ၂၀၁၁ ထိ (၅၁ ရက်)
အမျိုးသားလွှတ်တော် - ၂၂ ဩဂုတ် ၂၀၁၁ မှ ၁၆ နိုဝင်ဘာ ၂၀၁၁ ထိ (၄၇ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၂ ဩဂုတ် ၂၀၁၁ မှ ၂၅ နိုဝင်ဘာ ၂၀၁၁ ထိ (၆ ရက်)

#### တတိယပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၆ ဇန်နဝါရီ ၂၀၁၂ မှ ၂ မေ ၂၀၁၂ ထိ (၂၃ ရက်)
အမျိုးသားလွှတ်တော် - ၂၆ ဇန်နဝါရီ ၂၀၁၂ မှ ၂ မေ ၂၀၁၂ ထိ (၂၁ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၆ ဇန်နဝါရီ ၂၀၁၂ မှ ၃၀ ဧပြီ ၂၀၁၂ ထိ (၂၉ ရက်)

#### စတုတ္ထပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၄ ဇူလိုင် ၂၀၁၂ မှ ၆ စက်တင်ဘာ ၂၀၁၂ ထိ (၄၀ ရက်)
အမျိုးသားလွှတ်တော် - ၄ ဇူလိုင် ၂၀၁၂ မှ ၆ စက်တင်ဘာ ၂၀၁၂ ထိ (၄၀ ရက်)
ပြည်ထောင်စုလွှတ်တော် - ၄ ဇူလိုင် ၂၀၁၂ မှ ၇ စက်တင်ဘာ ၂၀၁၂ ထိ (၁၃ ရက်)



## ပဉ္စမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁၈ အောက်တိုဘာ ၂၀၁၂ မှ
၂၃ နိုဝင်ဘာ ၂၀၁၂ ထိ (၁၅ ရက်)
အမျိုးသားလွှတ်တော်-၁၈ အောက်တိုဘာ ၂၀၁၂ မှ
၂၃ နိုဝင်ဘာ ၂၀၁၂ ထိ (၁၅ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၂ အောက်တိုဘာ ၂၀၁၂ မှ
၂၂ နိုဝင်ဘာ ၂၀၁၂ ထိ (၉ ရက်)

## ဆဋ္ဌမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၉ ဇန်နဝါရီ ၂၀၁၃ မှ
၂၂ မတ် ၂၀၁၃ ထိ (၃၀ ရက်)
အမျိုးသားလွှတ်တော် - ၉ ဇန်နဝါရီ ၂၀၁၃ မှ
၂၂ မတ် ၂၀၁၃ ထိ (၃၂ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁၀ ဇန်နဝါရီ ၂၀၁၃ မှ
၂၁ မတ် ၂၀၁၃ ထိ (၂၃ ရက်)

## သတ္တမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၅ ဇွန် ၂၀၁၃ မှ
၃၀ ဩဂုတ် ၂၀၁၃ ထိ (၂၈ ရက်)
အမျိုးသားလွှတ်တော် - ၂၅ ဇွန် ၂၀၁၃ မှ
၃၀ ဩဂုတ် ၂၀၁၃ ထိ (၂၈ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁ ဇူလိုင် ၂၀၁၃ မှ
၂၉ ဩဂုတ် ၂၀၁၃ ထိ (၁၈ ရက်)

## အဋ္ဌမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁ အောက်တိုဘာ ၂၀၁၃ မှ
၁၄ နိုဝင်ဘာ ၂၀၁၃ ထိ (၂၂ ရက်)
အမျိုးသားလွှတ်တော် - ၁ အောက်တိုဘာ ၂၀၁၃ မှ
၁၄ နိုဝင်ဘာ ၂၀၁၃ ထိ (၁၈ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁ အောက်တိုဘာ ၂၀၁၃ မှ
၁၄ နိုဝင်ဘာ ၂၀၁၃ ထိ (၁၃ ရက်)

## နဝမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁၃ ဇန်နဝါရီ ၂၀၁၃ မှ
၂၆ မတ် ၂၀၁၃ ထိ (၂၉ ရက်)
အမျိုးသားလွှတ်တော် -၁၃ ဇန်နဝါရီ ၂၀၁၄ မှ
၂၆ မတ် ၂၀၁၄ ထိ (၂၉ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁၃ ဇန်နဝါရီ ၂၀၁၄ မှ
၂၆ မတ် ၂၀၁၄ ထိ (၂၉ ရက်)

## ဒသမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၈ မေ ၂၀၁၄ မှ
၃၁ ဇူလိုင် ၂၀၁၄ ထိ (၄၇ ရက်)
အမျိုးသားလွှတ်တော် -၂၈ မေ ၂၀၁၄ မှ
၃၁ ဇူလိုင် ၂၀၁၄ ထိ (၄၇ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၈ မေ ၂၀၁၄ မှ
၁ ဩဂုတ် ၂၀၁၄ ထိ (၄၈ ရက်)

## ဧကဒသမပုံမှန်အစည်းအဝေး


ပြည်သူ့လွှတ်တော် - ၁၁ စက်တင်ဘာ ၂၀၁၄ မှ
၂၂ နိုဝင်ဘာ ၂၀၁၄ ထိ (၃၇ ရက်)
အမျိုးသားလွှတ်တော် - ၁၁ စက်တင်ဘာ ၂၀၁၄ မှ
၂၂ နိုဝင်ဘာ ၂၀၁၄ ထိ (၃၇ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁၁ စက်တင်ဘာ ၂၀၁၄ မှ
၂၂ နိုဝင်ဘာ ၂၀၁၄ ထိ (၃၆ ရက်)

# အခန်း (၃)
# လွှတ်တော်လုပ်ငန်းများအား လေ့လာခြင်း


လွှတ်တော်များ၏အဓိကလုပ်ငန်းတာဝန်များမှာ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေများကိုရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ် ပြဋ္ဌာန်းခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးမှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းသော ဥပဒေကြမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ပေးရခြင်း၊ အတည်ပြုပြဋ္ဌာန်းပေးရခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရခြင်းဖြစ်သည်။

## ၃.၁ ။ မေးခွန်းများကို လေ့လာခြင်း

ဒသမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းမှုကို လေ့လာကြည့်ရာ ပြည်သူ့လွှတ်တော်တွင် အစည်းအဝေးကျင်းပရက် (၃၈) ရက်အတွင်း မေးခွန်းစုစုပေါင်း (၂၅၃) ခုရှိခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် အစည်းအဝေးကျင်းပရက် (၃၇) ရက်အတွင်း မေးခွန်းစုစုပေါင်း (၂၀၇) ခုရှိခဲ့ သည်။ ထို့ကြောင့် ဒသမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တစ်ရက်ပျမ်းမျှ မေးခွန်း (၇) ခုခန့် မေးမြန်းဖြေကြားမှုများရှိခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် တစ်ရက်ပျမ်းမျှ (၆) ခုခန့်နီးပါး မေးမြန်းဖြေကြားမှု ရှိခဲ့ကြောင်း တွေ့ရသည်။




ပုံ ၃.၁။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း တစ်ရက်ပျမ်းမျှ မေးခွန်းမေးမြန်းမှု။





ပုံ ၃.၂။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း စုစုပေါင်း မေးခွန်းမေးမြန်းမှု။

## ၃.၁.၁ ပြည်သူ့လွှတ်တော်တွင် မေးမြန်းခဲ့သောမေးခွန်းများကိုလေ့လာခြင်း




ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးစတင်ကျင်းပခဲ့သည့် (၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်) မှ (၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်) အထိ (၃၈) ရက်တာကာလများအတွင်း မေးမြန်းခဲ့သောမေးခွန်းစုစုပေါင်း (၂၅၃) ခုရှိခဲ့သည်ကို တွေ့ရပါသည်။ လွှတ်တော်အစည်းအဝေး တစ်ရက်လျှင် မေးခွန်းစုစုပေါင်း (၇) ခုခန့်မေးမြန်းခဲ့ကြသည်ကိုတွေ့ရမည်ဖြစ်ပေသည်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလများဖြစ်သော ပထမပုံမှန်အစည်းအဝေးကာလမှ နဝမပုံမှန်အစည်းအဝေးကာလများအထိ မေးမြန်းခဲ့သောမေးခွန်းစုစုပေါင်း (၁၅၃၂) ရှိခဲ့ပါသည်။ ပုံမှန်အစည်းအဝေးကျင်းပဖြစ်ခဲ့သောရက်ပေါင်း (၂၅၅) ရက်ရှိခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှအားဖြင့် မေးခွန်း (၆) ခုခန့်မေးမြန်းခဲ့ကြရာ ပုံမှန်အစည်းအဝေး (၉) ကြိမ်အတွင်း တစ်ရက်လျှင် မေးခွန်းမေးမြန်းနိုင်ခဲ့မှုများနှင့် နှိုင်းယှဉ်မည်ဆိုပါက ယခု ဒသမပုံမှန်အစည်းအဝေးအတွင်း မေးခွန်းမေးမြန်းမှု ပိုမိုများပြားလာနေသည်ကိုတွေ့ရှိခဲ့ရပါသည်။

အဆိုပါမေးခွန်းမေးမြန်းခဲ့မှုများနှင့်စပ်လျဉ်း၍ ပါတီအလိုက်လေ့လာမှုပြုခဲ့ရာတွင် ပါတီစုစုပေါင်း (၁၅) ခုတို့မှ မေးခွန်းများမေးမြန်းခဲ့ကြပါသည်။ USDP မှ မေးခွန်းအရေအတွက် (၁၇၂) ခု မေးမြန်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၈ ရာခိုင်နှုန်းမေးမြန်းခဲ့ပါသည်။ အဆိုပါမေးမြန်းခဲ့မှုများထဲမှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သော မေးခွန်းပေါင်း (၅၁) ခုထိအများဆုံး ဝင်ရောက်မေးမြန်းခဲ့သည်ကို တွေ့ရပြီး၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်း မေးခွန်း (၂၂) ခုကို မေးမြန်းခဲ့ပါသည်။ ၎င်းတို့အပြင် အုပ်ချုပ်ရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းသွားခဲ့ပါသည်။ မေးခွန်းများဒုတိယအများဆုံး မေးမြန်းခဲ့သောပါတီမှာ NLD ပါတီဖြစ်ပြီး မေးခွန်းစုစုပေါင်း၏၈.၃ ရာခိုင်နှုန်းမေးမြန်းခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံရေး၊ မြေယာနှင့် အိုးအိမ်ကဏ္ဍဆိုင်ရာ မေးခွန်းများကိုအများဆုံးမေးမြန်းသွားခဲ့ပါသည်။ မေးခွန်းများ တတိယအများဆုံး မေးမြန်းခဲ့သည့် ပါတီနှစ်ခုဖြစ်သည့် RNDP





ပုံ ၃. ၃။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီအလိုက် မေးခွန်းမေးမြန်းမှု။

ပါတီက မေးခွန်း (၁၄)ခု၊ NDF ပါတီက မေးခွန်း (၁၃) ခုအသီးသီးမေးမြန်းခဲ့ပါသည်။ RNDP ပါတီမှအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မေးခွန်းများကို အများဆုံးမေးမြန်းသွားခဲ့ပြီး၊ NDF ပါတီကအများဆုံးမေးမြန်းခဲ့သည့်မှာ မြေယာနှင့်အိုးအိမ်ကဏ္ဍဆိုင်ရာ မေးခွန်းများဖြစ်ပါသည်။ ကျန်ပါတီများမှလည်း မေးခွန်းများ အသီးသီး မေးမြန်းခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့်မေးခွန်းစုစုပေါင်း၏ ၁၃.၁ ရာခိုင်နှုန်းရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

| စဉ် | ပါတီ | မေးခွန်းစုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | USDP | ၁၇၂ | ၆၈ |
| ၂။ | NLD | ၂၁ | ၈.၃ |
| ၃။ | RNDP | ၁၄ | ၅.၅ |
| ၄။ | NDF | ၁၃ | ၅.၁ |
| ၅။ | MDP | ၇ | ၂.၈ |
| ၆။ | SNDP | ၇ | ၂.၈ |
| ၇။ | NUP | ၄ | ၁.၆ |
| ၈။ | NNDP | ၃ | ၁.၂ |
| ၉။ | CDP | ၃ | ၁.၂ |
| ၁၀ | PDP | ၂ | ၀.၈ |

**ဇယား ၃.၁။**

**ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ကာလများအတွင်း ပါတီအလိုက် မေးခွန်း မေးမြန်းမှု**




ပုံ ၃. ၄။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု။


ထို့အတူပင် ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်မေးခွန်းများ တင်သွင်းမေးမြန်းမှုကို တိုင်းဒေသကြီး/ပြည်နယ်အလိုက်လေ့လာပါကလည်း ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မေးခွန်းစုစုပေါင်း၏ ၁၄.၆ ရာခိုင်နှုန်းနှင့် ၁၄.၂ ရာခိုင်နှုန်းအသီးသီး မေးမြန်းခဲ့ကြပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှလည်း ၁၁.၁ ရာခိုင်နှုန်း၊ ၁၀.၇ ရာခိုင်နှုန်း၊ ၉.၉ ရာခိုင်နှုန်း၊ ၉.၁ ရာခိုင်နှုန်းတို့နှင့် မန္တလေးတိုင်းဒေသကြီးမှလည်း မေးခွန်းအားလုံး၏ ၈.၇ ရာခိုင်နှုန်းအထိမေးမြန်းခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ တနင်္သာရီတိုင်းဒေသကြီးမှ မေးခွန်းမေးမြန်းခဲ့ခြင်း မရှိခဲ့ပါ။

| စဉ် | ပြည်နယ် / တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းခဲ့မှုများ | မေးခွန်းစုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ပဲခူးတိုင်းဒေသကြီး | ၃၇ | ၁၄.၆ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၃၆ | ၁၄.၂ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၈ | ၁၁.၁ |
| ၄။ | ရှမ်းပြည်နယ် | ၂၇ | ၁၀.၇ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၅ | ၉.၉ |
| ၆။ | ရခိုင်ပြည်နယ် | ၂၃ | ၉.၁ |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၂၂ | ၈.၇ |
| ၈။ | မွန်ပြည်နယ် | ၁၅ | ၅.၉ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၁၁ | ၄.၃ |
| ၁၀။ | ချင်းပြည်နယ် | ၉ | ၃.၆ |
| ၁၁။ | ကယားပြည်နယ် | ၇ | ၂.၈ |
| ၁၂။ | ကရင်ပြည်နယ် | ၇ | ၂.၈ |
| ၁၃။ | ကချင်ပြည်နယ် | ၆ | ၂.၄ |
| စုစုပေါင်း | | ၂၅၃ | ၁၀၀ |

**ဇယား ၃.၂။ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ်ပုံမှန် အစည်းအဝေးကာလများအတွင်း ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းမှု**

| စဉ် | အကြောင်းအရာ | ရည်ရွယ်ချက် | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | အစိုးရအား ထိန်းကျောင်းစိစစ်မှု | ကိုယ်စားပြုမှု | ဥပဒေပြုမှု | |
| ၁။ | အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး | ၃ | ၆၃ | ၀ | ၆၆ |
| ၂။ | ကျန်းမာရေး | ၅ | ၂၄ | ၀ | ၂၉ |
| ၃။ | အုပ်ချုပ်ရေး | ၁၈ | ၄ | ၀ | ၂၂ |
| ၄။ | စိုက်ပျိုးရေး | ၁၆ | ၆ | ၀ | ၂၂ |
| ၅။ | ပညာရေး | ၅ | ၉ | ၀ | ၁၄ |
| ၆။ | မြေယာနှင့် အိုးအိမ် | ၈ | ၅ | ၀ | ၁၃ |
| ၇။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃ | ၈ | ၀ | ၁၁ |
| ၈။ | စွမ်းအင် | ၄ | ၄ | ၀ | ၈ |
| ၉။ | ဝန်ဆောင်မှု | ၃ | ၅ | ၀ | ၈ |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်ရေး | ၆ | ၁ | ၀ | ၇ |
| ၁၁။ | နိုင်ငံသားများ၏ အခွင့်အရေး | ၆ | ၀ | ၀ | ၆ |
| ၁၂။ | အားကစား | ၁ | ၅ | ၀ | ၆ |
| ၁၃။ | ဘဏ္ဍာရေး | ၄ | ၁ | ၀ | ၅ |
| ၁၄။ | စီးပွားရေး | ၄ | ၁ | ၀ | ၅ |
| ၁၅။ | လူမှုရေးအထောက်အပံ့ | ၂ | ၃ | ၀ | ၅ |
| ၁၆။ | နိုင်ငံရေး | ၃ | ၁ | ၀ | ၄ |
| ၁၇။ | သယ်ယူပို့ဆောင်ရေး | ၁ | ၃ | ၀ | ၄ |
| ၁၈။ | အခွန်ကောက်ခံရေး | ၃ | ၁ | ၀ | ၄ |
| ၁၉။ | မြေယာသိမ်းဆည်းမှု | ၁ | ၂ | ၀ | ၃ |
| ၂၀။ | စက်မှုလုပ်ငန်း | ၂ | ၀ | ၀ | ၂ |
| ၂၁။ | သဘာဝ သယံဇာတအရင်းအမြစ် | ၂ | ၀ | ၀ | ၂ |
| ၂၂။ | ဥပဒေပြုရေး | ၂ | ၀ | ၀ | ၂ |
| ၂၃။ | ယဉ်ကျေးမှုနှင့် အနုပညာ | ၀ | ၁ | ၀ | ၁ |
| ၂၄။ | မွေးမြူရေး | ၁ | ၀ | ၀ | ၁ |
| ၂၅။ | ခရီးသွားလုပ်ငန်း | ၁ | ၀ | ၀ | ၁ |
| ၂၆။ | တိုင်းရင်းသားအရေး | ၁ | ၀ | ၀ | ၁ |
| ၂၇။ | တရားစီရင်ရေး | ၁ | ၀ | ၀ | ၁ |
| စုစုပေါင်း | | ၁၀၆ | ၁၄၇ | ဝ | ၂၅၃ |

**ဇယား ၃.၃။ ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလများအတွင်း အကြောင်းအရာ၊ ကဏ္ဍအလိုက် မေးမြန်းခဲ့မှုများနှင့် ရည်ရွယ်ချက်များကို နှိုင်းယှဉ်လေ့လာမှု။**




ပုံ ၃. ၅။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းမှုအများဆုံး အကြောင်းအရာ/ကဏ္ဍများကို ပါတီအလိုက်မေးမြန်းမှု။

ဒသမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင်အကြောင်းအရာ၊ ကဏ္ဍ (၂၇) ခုပေါ်အခြေခံ၍ မေးခွန်းများ မေးမြန်းခဲ့ပါသည်။ ယင်းတို့သည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောမေးခွန်းများကို မေးခွန်းစုစုပေါင်း၏ ၂၆.၅ ရာခိုင်နှုန်း အထိ၊ ဒုတိယအများဆုံးအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော မေးခွန်းများဖြစ်ပြီး ၁၁.၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အတူ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍများနှင့် ပတ်သက်၍ ၈.၇ ရာခိုင်နှုန်းစီဖြင့် တတိယအများဆုံးမေးမြန်းခဲ့သည်။

မေးခွန်းစုစုပေါင်း (၂၅၃) ခုတွင် တရားစီရင်ရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ ခရီးသွားလုပ်ငန်း၊ မွေးမြူရေးကဏ္ဍများနှင့်သက်ဆိုင်သော မေးခွန်းများကို ယခု ဒသမပုံမှန်အစည်းအဝေးကာလ ရက်ပေါင်း (၃၈) ရက်တာ ကာလအတွင်း တစ်ကြိမ်စီ မေးမြန်းခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် မေးခွန်းအားလုံး၏ ၀.၄ ရာခိုင်နှုန်းရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

မေးခွန်းများတွင် အစိုးရများအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်၍ မေးမြန်းခဲ့သော မေးခွန်းများသည် ရာခိုင်နှုန်းအားဖြင့် ၄၁.၉ ရာခိုင်နှုန်းရှိခဲ့သည်။ မိမိတို့၏သက်ဆိုင်ရာမဲဆန္ဒ နယ်အလိုက် ကိုယ်စားပြုမေးမြန်းခဲ့သည့် ရာခိုင်နှုန်းသည် ၅၈.၁ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ မေးမြန်းခဲ့မှုများကိုမူ မတွေ့ရှိခဲ့ရပေ။ အများဆုံး မေးမြန်းခဲ့သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သောကဏ္ဍများတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အစိုးရအားထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီး မေးမြန်းခဲ့သော မေးခွန်း (၃) ခုရှိခဲ့ပြီး ကျန်မေးခွန်းများသည် ကိုယ်စားပြုလိုသော ရည်ရွယ်ချက်ဖြင့် မေးမြန်းခဲ့ခြင်းများဖြစ်ပေသည်။

မိမိတို့၏သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက်ကိုယ်စားပြုမေးမြန်းခဲ့သည့်မေးခွန်းများတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုး တက်ရေးနှင့် ကျန်းမာရေးကဏ္ဍများအပေါ် မေးမြန်းခဲ့သောမေးခွန်းများသည်ရာခိုင်နှုန်းအားဖြင့် ၄၂.၉ ရာခိုင်နှုန်းနှင့် ၁၆.၃၃ ရာခိုင်နှုန်း အသီးသီးရှိကြပြီး အများဆုံးမေးမြန်းမှုဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့အတူ အစိုးရအား ထိန်းကျောင်းစိစစ်မှုနှင့်သက်ဆိုင်သော မေးခွန်းမေးမြန်းမှုများတွင် အုပ်ချုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများနှင့်သက်ဆိုင်သော မေးခွန်းများကို ၁၇ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီးရှိပြီး အများဆုံး မေးမြန်းခဲ့ကြသည်။

| စဉ် | အကြောင်းအရာ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး | ၆၆ | ၂၆.၁ |
| ၂။ | ကျန်းမာရေး | ၂၉ | ၁၁.၅ |
| ၃။ | အုပ်ချုပ်ရေး | ၂၂ | ၈.၇ |
| ၄။ | စိုက်ပျိုးရေး | ၂၂ | ၈.၇ |
| ၅။ | ပညာရေး | ၁၄ | ၅.၅ |
| ၆။ | မြေယာနှင့် အိုးအိမ် | ၁၃ | ၅.၁ |
| ၇။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ | ၄.၃ |
| ၈။ | စွမ်းအင် | ၈ | ၃.၂ |
| ၉။ | ဝန်ဆောင်မှုလုပ်ငန်း | ၈ | ၃.၂ |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်ရေး | ၇ | ၂.၈ |
| ၁၁။ | နိုင်ငံသားများ၏ အခွင့်အရေး | ၆ | ၂.၄ |
| ၁၂။ | အားကစား | ၆ | ၂.၄ |
| ၁၃။ | ဘဏ္ဍာရေး | ၅ | ၂. |
| ၁၄။ | စီးပွားရေး | ၅ | ၂. |
| ၁၅။ | လူမှုရေးအထောက်အပံ့ | ၅ | ၂. |
| ၁၆။ | နိုင်ငံရေး | ၄ | ၁.၆ |
| ၁၇။ | သယ်ယူပို့ဆောင်ရေး | ၄ | ၁.၆ |
| ၁၈။ | အခွန်ကောက်ခံရေး | ၄ | ၁.၆ |
| ၁၉။ | မြေယာသိမ်းဆည်းမှု | ၃ | ၁.၂ |
| ၂၀။ | စက်မှုလုပ်ငန်း | ၂ | ၀.၈ |
| ၂၁။ | သဘာဝသယံဇာတ | ၂ | ၀.၈ |
| ၂၂။ | ဥပဒေပြုရေး | ၂ | ၀.၈ |
| ၂၃။ | ယဉ်ကျေးမှုနှင့် အနုပညာ | ၁ | ၀.၄ |
| ၂၄။ | မျိုးပွားခြင်း | ၁ | ၀.၄ |
| ၂၅။ | ခရီးသွားလုပ်ငန်း | ၁ | ၀.၄ |
| ၂၆။ | တိုင်းရင်းသားအရေး | ၁ | ၀.၄ |
| ၂၇။ | တရားစီရင်ရေး | ၁ | ၀.၄ |
| | စုစုပေါင်း | ၂၅၃ | ၁၀၀ |

**ဇယား ၃.၄။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလများအတွင်း အကြောင်းအရာ၊ ကဏ္ဍအလိုက် မေးမြန်းခဲ့မှု။**

| စဉ် | ရည်ရွယ်ချက် | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ကိုယ်စားပြုမှု | ၁၄၇ | ၅၈.၁ |
| ၂။ | အစိုးရအားထိန်းကျောင်းစိစစ်မှု | ၁၀၆ | ၄၁.၉ |
| စုစုပေါင်း | | ၂၅၃ | ၁၀၀ |

**ဇယား ၃.၅။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ကာလများအတွင်း ရည်ရွယ်ချက်အလိုက် မေးမြန်းခဲ့မှု။**

ဒသမပုံမှန် အစည်းအဝေးများအတွင်း မေးမြန်းခဲ့သော မေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ လာရောက်ဖြေဆိုရာတွင်လည်း အပြုသဘောဆောင်သည့် ဖြေဆိုခဲ့မှုများသည် မေးခွန်းစုစုပေါင်း၏ ၄၈.၂ ရာခိုင်နှုန်း ရှိခဲ့သည်။ သက်ဆိုင်ရာဌာနများအသီးသီးမှ ဆောင်ရွက်နေဆဲဟု တုံ့ပြန်ဖြေကြားချက်သည် ၁၇.၀ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားချက် (၄၀) ခုရှိခဲ့ပြီး၊ လတ်တလောဆောင်ရွက်ပေးနိုင်မှု မရှိသေးကြောင်း ငြင်းဆိုဖြေကြားခဲ့သည့် ဖြေဆိုမှုစုစုပေါင်း (၁၇) ခုရှိခဲ့ပါသည်။ မေးခွန်းမေးမြန်းခဲ့သည့်ကိုယ်စားလှယ်မှ ပြန်လည်ရုတ်သိမ်းခဲ့သည့်မေးခွန်း (၁) ခုရှိခဲ့သည်ကိုလည်း ခြွင်းချက် တစ်ခုအနေဖြင့် လေ့လာတွေ့ရှိခဲ့ရပါသည်။

| စဉ် | တုံ့ပြန်မှုအမျိုးအစားများ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အပြုသဘောဆောင်သည့်တုံ့ပြန်ချက် | ၁၂၂ | ၄၈.၂ |
| ၂။ | ဆောင်ရွက်ဆဲဟုတုံ့ပြန်ချက် | ၄၃ | ၁၇.၀ |
| ၃။ | မရှင်းလင်းသည့်တုံ့ပြန်ချက် | ၄၀ | ၁၅.၈ |
| ၄။ | ငြင်းဆိုသည့်တုံ့ပြန်ချက် | ၃၀ | ၁၁.၉ |
| ၅။ | ရောပြွန်းတုံ့ပြန်ချက် | ၁၇ | ၆.၇ |
| ၆။ | **ပြန်လည်ရုတ်သိမ်းခဲ့သည့်မေးခွန်း** | ၁ | ၀.၄ |
| စုစုပေါင်း | | ၂၅၃ | ၁၀၀ |

**ဇယား ၃.၆။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလများအတွင်း တုံ့ပြန်ဖြေဆိုခဲ့မှု။**

**မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဆို**

ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသွားခဲ့သော " မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို" တွင်လည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ကိုယ်စားလှယ် (၅) ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP)မှကိုယ်စားလှယ် (၂) ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၂) ဦးသည်တို့သည်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၊ ဖလုံ-စဝ်ဝ ဒီမိုကရက်တစ်ပါတီ (PSDP)၊ အမျိုးသားဒီမိုကရေစီ အင်အားစု (NDF) ပါတီနှင့် ဝ ဒီမိုကရက်တစ်ပါတီ (WDP) တို့မှ လွှတ်တော်ကိုယ်စားလှယ် (၁) ဦးစီ သည်လည်းကောင်း စုစုပေါင်း ကိုယ်စားလှယ် (၁၃) ဦးတို့မှ ဝင်ရောက် ဆွေးနွေး သွားခဲ့ကြသည်။


## ၃.၁.၂ အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့သော မေးခွန်းများကို လေ့လာခြင်း




အမျိုးသားလွှတ်တော် ဒသမအကြိမ်မြောက်ပုံမှန် အစည်းအဝေးစတင်ကျင်းပခဲ့သည့် ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက် မှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် အထိ (၃၇) ရက်တာ ကာလများအတွင်း မေးမြန်းခဲ့သောမေးခွန်းစုစုပေါင်း (၂၀၇) ခုရှိခဲ့သည်ကိုတွေ့ရပါသည်။ လွှတ်တော် အစည်းအဝေး တစ်ရက်လျှင် မေးမြန်းခဲ့သော မေးခွန်း စုစုပေါင်းသည် (၅.၆) ခုနှုန်း မေးမြန်းခဲ့ကြသည်ကိုတွေ့ရ မည်ဖြစ်ပေသည်။ အမျိုးသားလွှတ်တော်၏ ပထမပုံမှန် အစည်းအဝေးကာလမှ နဝမပုံမှန် အစည်းအဝေးကာလ များအထိ မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း (၉၉၉) ရှိခဲ့ပါသည်။ ပုံမှန်အစည်းအဝေး ကျင်းပခဲ့သော ရက်ပေါင်း (၂၃၉) ရက်ရှိခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှအားဖြင့်မေးခွန်း (၄.၂) ခုနှုန်း မေးမြန်းခဲ့ရာ ပုံမှန်အစည်းအဝေး (၉) ကြိမ် အတွင်း တစ်ရက်လျှင် မေးခွန်း မေးမြန်းခဲ့မှုများနှင့် နှိုင်းယှဉ် ပါက ယခု ဒသမပုံမှန်အစည်းအဝေးအတွင်း မေးခွန်း မေးမြန်းမှုများ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။

**ရခိုင်ပြည်နယ်နှင့် ရခိုင်လူမျိုးများအဆို**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ "ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်း ကြောင်းအဆို" တွင်လည်း တပ်မတော်သားကိုယ်စားလှယ် (၂) ဦး၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RNDP)မှ ကိုယ်စားလှယ် (၂) ဦးနှင့် ချင်းတိုးတက်ရေးပါတီ (CPP) မှ ကိုယ်စားလှယ် (၁)ဦး စုစုပေါင်းကိုယ်စားလှယ် (၅) ဦး ဝင်ရောက်ဆွေးနွေးသွားခဲ့ပါသည်။




ပုံ ၃.၆။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ပါတီအလိုက် မေးခွန်းမေးမြန်းမှု။

မေးခွန်းမေးမြန်းခဲ့မှုများနှင့် စပ်လျဉ်း၍ ပါတီများအလိုက် လေ့လာမှုပြုခဲ့ရာတွင် USDP ပါတီမှ မေးခွန်းအရေအတွက် (၁၂၆) ခု၊ ရာခိုင်နှုန်းအားဖြင့် ၆၀.၉ ရာခိုင်နှုန်း မေးမြန်းခဲ့ပါသည်။ အကြောင်းအရာကဏ္ဍအားဖြင့် ကဏ္ဍ (၁၇) ခုအထိ တွေ့ရှိခဲ့ရပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသော မေးခွန်း (၂၉) ခု ထိအများဆုံး မေးမြန်းခဲ့သည်ကိုတွေ့ရပြီး၊ ပညာရေးဆိုင်ရာမေးခွန်း (၂၄) ခုကိုလည်း မေးမြန်းခဲ့ပါသည်။ တတိယ အများဆုံးအနေဖြင့် အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းသွားခဲ့ပါသည်။ ထို့အတူ အခြားသောအကြောင်းအရာကဏ္ဍ (၁၁) ခုနှင့် ဆက်စပ် နေသောမေးခွန်းပေါင်း (၂၈) ခုရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မေးခွန်းမေးမြန်းမှု ဒုတိယအများဆုံးမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ရာ ယခင် ပုံမှန်အစည်းအဝေး (၉) ကြိမ်အတွင်း မေးခွန်းမေးမြန်းခဲ့မှု အကြိမ်ရေ (၁) ကြိမ်တွေ့ရှိခဲ့ရပြီးနောက် ယခု ပုံမှန်အစည်းအဝေးကာလတွင်မေးခွန်း (၂၀) ခု၊ စုစုပေါင်း၏ ၉.၇ ရာခိုင်နှုန်း ကို မေးမြန်းခဲ့ပါသည်။ တပ်မတော်သားကိုယ်စားလှယ်များသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသောမေးခွန်းများကို အများဆုံးမေးမြန်းသွားခဲ့ပြီး၊ ဒုတိယအများဆုံးအနေဖြင့် ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းခဲ့ကြသလို အုပ်ချုပ်ရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှုဆိုင်ရာ မေးခွန်းများကိုလည်း တတိယအများဆုံး မေးမြန်းခဲ့ကြပါသည်။ စုစုပေါင်းအကြောင်းအရာကဏ္ဍ (၁၁) ခုအပေါ် အခြေခံ၍ မေးမြန်းသွားခဲ့ပါသည်။


RNDP ပါတီနှင့် CPP ပါတီတို့မှာ တတိယအများဆုံး မေးခွန်းမေးမြန်းသော ပါတီများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ RNDP ပါတီမှ စုစုပေါင်းမေးခွန်း (၁၃) ခုနှင့် CPP ပါတီမှ မေးခွန်း (၁၂) ခုမေးမြန်းခဲ့သောကြောင့် မေးခွန်းစုစုပေါင်း၏ ၆.၃ ရာခိုင်နှုန်း နှင့် ၅.၈% ရှိပါသည်။ ပညာရေး၊ အုပ်ချုပ်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို RNDP ပါတီက အများဆုံး မေးမြန်းခဲ့ပြီး၊ CPP ပါတီမှ အုပ်ချုပ်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုနှင့် အခွန်ကောက်ခံရေးဆိုင်ရာ မေးခွန်းများကို အများဆုံးမေးမြန်းခဲ့ကြပါသည်။ ထို့အတူပင် CNP ပါတီမှလည်း အုပ်ချုပ်ရေးကဏ္ဍနှင့် စပ်လျဉ်းသော မေးခွန်းများကို အများဆုံးမေးမြန်းခြင်းဖြင့် မေးခွန်းမေးမြန်းမှု ၄.၈% ရှိခဲ့ပါသည်။ ကျန်ပါတီများမှလည်း မေးခွန်းများအသီးသီးမေးမြန်းခဲ့ကြပြီး မေးခွန်းစုစုပေါင်း၏ ၁၂.၅ % ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ထိုသို့ ပိုင်းခြားလေ့လာ တွေ့ရှိမှုများတွင် ပြည်သူတို့၏ တိုင်ကြားစာကော်မတီမှလည်း မေးခွန်း (၃) ခု ဝင်ရောက်မေးမြန်းခဲ့ရာတွင် အုပ်ချုပ်ရေးဆိုင်ရာ မေးခွန်းနှင့် မြေယာ၊ အိုးအိမ်ဆိုင်ရာ အကြောင်းအရာများကို မေးမြန်းသွားခဲ့ပါသည်။

| စဉ် | ပါတီ | မေးခွန်းစုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | USDP | ၁၂၆ | ၆၀.၉ |
| ၂။ | တပ်မတော်သားကိုယ်စားလှယ်များ | ၂၀ | ၉.၇ |
| ၃။ | RNDP | ၁၃ | ၆.၃ |
| ၄။ | CPP | ၁၂ | ၅.၈ |
| ၅။ | CNP | ၁၀ | ၄.၈ |
| ၆။ | NDF | ၅ | ၂.၄ |
| ၇။ | AMRDP | ၄ | ၁.၉ |
| ၈။ | SNDP | ၄ | ၁.၉ |
| ၉။ | NLD | ၃ | ၁.၄ |
| ၁၀။ | ကော်မတီများမှမေးမြန်းမှု | ၃ | ၁.၄ |
| ၁၁။ | NUP | ၂ | ၁. |
| ၁၂။ | WDP | ၂ | ၁. |
| ၁၃။ | KPP | ၁ | ၀.၅ |
| ၁၄။ | TPNP | ၁ | ၀.၅ |
| ၁၅။ | UDP | ၁ | ၀.၅ |
| | စုစုပေါင်း | ၂၀၇ | ၁၀၀ |

**ဇယား ၃.၇။ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလများအတွင်း ပါတီအလိုက် မေးခွန်းမေးမြန်းမှု။**

**အလုပ်ရှင် အလုပ်သမား အဆို**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်မှလည်း လွှတ်တော်အစည်းအဝေးကျင်းပမှု (၂၉)ရက်တာ ကာလများအတွင်း အဆိုစုစုပေါင်း (၃)ခုတင်သွင်းခဲ့ပါသည်။ အဆိုတင်သွင်းခဲ့မှုများတွင် ပါတီအသီးသီး၏ ဝင်ရောက်ဆွေးနွေးမှုများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်၏ "အလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို" နှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် (၂)ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)မှ ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီမှ ကိုယ်စားလှယ် တစ်ဦးတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြပါသည်။




ပုံ ၃. ၇။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းမှု။


မေးခွန်းများတင်သွင်းမေးမြန်းမှုကို ပြည်နယ်/တိုင်းဒေသကြီးအလိုက်လေ့လာရာတွင် ချင်းပြည်နယ် မှမေးမြန်းမှုသည် မေးခွန်းစုစုပေါင်း၏ ၁၄.၅% ဖြင့် အများဆုံးမေးမြန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ မေးမြန်းမှုများသည် ၁၁.၆ % အသီးသီးမေးမြန်းခဲ့ ကြပါသည်။ တပ်မတော်သားကိုယ်စားလှယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မေးခွန်းစုစုပေါင်း၏ ၉.၇% နှင့် ၈.၇% ဖြင့် တတိယအများဆုံး မေးမြန်းသွားခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပေသည်။ ရခိုင်ပြည်နယ်မှမေးခွန်းမေးမြန်းမှုမှာ ၇.၇%၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇.၂%၊ မန္တလေးတိုင်းဒေသကြီးမှ ၅.၃ % စီဖြင့်မေးခွန်းများမေးမြန်းသွားခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ ရပါသည်။

| စဉ် | ပြည်နယ် / တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းခဲ့မှုများ | မေးခွန်းစုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ချင်းပြည်နယ် | ၃၀ | ၁၄.၅ |
| ၂။ | မကွေးတိုင်းဒေသကြီး | ၂၄ | ၁၁.၆ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ၂၄ | ၁၁.၆ |
| ၄။ | တပ်မတော်သားကိုယ်စားလှယ်များ | ၂၀ | ၉.၇ |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး | ၁၈ | ၈.၇ |
| ၆။ | ရခိုင်ပြည်နယ် | ၁၆ | ၇.၇ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅ | ၇.၂ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၁၁ | ၅.၃ |
| ၉။ | ဧရာဝတီတိုင်းဒေသကြီး | ၉ | ၄.၄ |
| ၁၀။ | ကချင်ပြည်နယ် | ၇ | ၃.၄ |
| ၁၁။ | မွန်ပြည်နယ် | ၇ | ၃.၄ |
| ၁၂။ | ရှမ်းပြည်နယ် | ၇ | ၃.၄ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ၇ | ၃.၄ |
| ၁၄။ | ကယားပြည်နယ် | ၆ | ၂.၉ |
| ၁၅။ | ကရင်ပြည်နယ် | ၃ | ၁.၄ |
| ၁၆။ | ကော်မတီများ | ၃ | ၁.၄ |
| | စုစုပေါင်း | ၂၀၇ | ၁၀၀ |

**ဇယား ၃.၈။ အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးကာလများအတွင်း သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် မေးခွန်းမေးမြန်းမှု။**

**ငွေကြေးဖောင်းပွမှုအဆို**

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၈)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်၏ "ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို"နှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)မှ ကိုယ်စားလှယ် (၄) ဦး၊ ချင်းတိုးတက်ရေးပါတီ (CPP)မှ ကိုယ်စားလှယ် (၁)ဦး၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RNDP)မှ ကိုယ်စားလှယ် (၁) ဦးနှင့် အမျိုးသားဒီမိုကရေစီအင်အားစု (NDF)ပါတီ မှ ကိုယ်စားလှယ် (၁) ဦး စုစုပေါင်းကိုယ်စားလှယ် (၇) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြပါသည်။




ပုံ ၃. ၈။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် မေးခွန်းမေးမြန်းမှုအများဆုံး အကြောင်းအရာ/ကဏ္ဍများကို ပါတီအလိုက်မေးမြန်းမှု။

ဒသမပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်လွှတ်တော် ကိုယ်စားလှယ်များက အကြောင်းအရာ (၂၃) ခုပေါ်အခြေခံ၍ မေးခွန်းများ မေးမြန်းခဲ့ပါသည်။ အဆိုပါမေးမြန်းမှုများထဲ၌ အခြေခံအဆောက် အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်နေသော မေးခွန်းများကို မေးခွန်းစုစုပေါင်း၏ ၂၁.၃ % အများဆုံး တွေ့ရမည်ဖြစ်ပြီး ဒုတိယအများဆုံးအနေဖြင့် အုပ်ချုပ်ရေး၊ ပညာရေးနှင့် ပတ်သက်သောမေးခွန်းများ ၁၇.၄ % နှင့် ၁၅.၉ % အထိ အသီးသီးရှိခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျန်းမာရေး နှင့် ပတ်သက်၍ ၈.၇ % မေးမြန်းခဲ့ပြီး တတိယအများဆုံးမေးမြန်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အကြောင်းအရာ၊ ကဏ္ဍ (၂၃) ခုအတွက်မေးမြန်းခဲ့ပြီး ဘဏ္ဍာရေး၊ မြေယာသိမ်းဆည်းမှု၊ နိုင်ငံရေး၊ သဘာဝသယံဇာတ အရင်းအမြစ်ကဏ္ဍများနှင့် သက်ဆိုင်သော မေးခွန်းများကိုမူ တစ်ကြိမ်စီမေးမြန်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် မေးခွန်းအားလုံး၏ ၀.၅% သာရှိခဲ့သည်ကိုလေ့လာတွေ့ရှိခဲ့ရပါသည်။

| စဉ် | အကြောင်းအရာ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး | ၄၄ | ၂၁.၃ |
| ၂။ | အုပ်ချုပ်ရေး | ၃၆ | ၁၇.၄ |
| ၃။ | ပညာရေး | ၃၃ | ၁၅.၉ |
| ၄။ | ကျန်းမာရေး | ၁၈ | ၈.၇ |
| ၅။ | ဝန်ဆောင်မှု | ၁၂ | ၅.၈ |
| ၆။ | ဖွံ့ဖြိုးတိုးတက်မှု | ၁၂ | ၅.၈ |
| ၇။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ | ၄.၃ |
| ၈။ | စိုက်ပျိုးရေး | ၉ | ၄.၃ |
| ၉။ | မြေယာနှင့်အိုးအိမ် | ၅ | ၂.၄ |
| ၁၀။ | အားကစား | ၄ | ၁.၉ |
| ၁၁။ | လူမှုအထောက်အပံ့ | ၄ | ၁.၉ |
| ၁၂။ | စီးပွားရေး | ၃ | ၁.၄ |
| ၁၃။ | ယဉ်ကျေးမှု | ၂ | ၁. |
| ၁၄။ | အလုပ်သမားအရေး | ၂ | ၁. |
| ၁၅။ | စွမ်းအင် | ၂ | ၁. |
| ၁၆။ | သယ်ယူပို့ဆောင်ရေး | ၂ | ၁. |
| ၁၇။ | မွေးမြူရေး | ၂ | ၁. |
| ၁၈။ | ဥပဒေပြုရေး | ၂ | ၁. |
| ၁၉။ | အခွန်ကောက်ခံရေး | ၂ | ၁. |
| ၂၀။ | ဘဏ္ဍာရေး | ၁ | ၀.၅ |
| ၂၁။ | မြေယာသိမ်းဆည်းမှု | ၁ | ၀.၅ |
| ၂၂။ | နိုင်ငံရေး | ၁ | ၀.၅ |
| ၂၃။ | သဘာဝသယံဇာတအရင်းအမြစ် | ၁ | ၀.၅ |
| စုစုပေါင်း | | ၂၀၇ | ၁၀၀ |

**ဇယား ၃.၉။ အမျိုးသားလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေး ကာလများအတွင်း အကြောင်းအရာ ကဏ္ဍအလိုက် မေးခွန်းမေးမြန်းခဲ့မှု။**

| စဉ် | ရည်ရွယ်ချက် | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ကိုယ်စားပြုမှု | ၁၂၁ | ၅၈.၅ |
| ၂။ | အစိုးရအားထိန်းကျောင်းစိစစ်မှု | ၈၆ | ၄၁.၅ |
| စုစုပေါင်း | | ၂၀၇ | ၁၀၀ |

**ဇယား ၃.၁၀။ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလများအတွင်း မေးခွန်းမေးမြန်းမှု ရည်ရွယ်ချက်။**

ဒုသတမပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သော မေးခွန်းများတွင် အစိုးရအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်၍မေးမြန်းခဲ့သော မေးခွန်းများမှာ ၄၁.၅ % ရှိခဲ့သည်။ မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကိုယ်စားပြု မေးမြန်းခဲ့မှုများသည် ၅၈.၅ % ရှိခဲ့သည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ မေးမြန်းခဲ့မှုကို မရှိခဲ့ဘဲ အများဆုံး မေးမြန်းခဲ့သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော မေးခွန်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် အစိုးရအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီးမေးမြန်းခဲ့သောမေးခွန်း (၈) ခု ပါဝင်ခဲ့ပြီး ကျန်ရှိနေသော အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် မေးခွန်းများသည် ကိုယ်စားပြုမှုအတွက် ရည်ရွယ်သည့် မေးခွန်းများ ဖြစ်သည်။ သို့သော် ဒုတိယအများဆုံး မေးခွန်းမေးမြန်းခဲ့သည့် အုပ်ချုပ်ရေးကဏ္ဍနှင့် သက်စပ်လျှဉ်ပြီး အစိုးရအား ထိန်းကျောင်း စိစစ်မှုကို ရည်ရွယ်သည့် မေးမြန်းခဲ့သော မေးခွန်း (၂၄) ခုရှိပြီး၊ ကျန် (၁၂) ခုသည် ကိုယ်စားပြုမှုကို ရည်ရွယ်၍ မေးမြန်းခဲ့သည်ကို တွေ့ရပါသည်။

| စဉ် | အကြောင်းအရာ | ရည်ရွယ်ချက် | | | အကြိမ်အရေအတွက် |
|---|---|---|---|---|---|
| | | အစိုးရအားထိန်းကျောင်းစိစစ်မှု | ကိုယ်စားပြုမှု | ဥပဒေပြုမှု | |
| ၁။ | အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး | ၈ | ၃၆ | ၀ | ၄၄ |
| ၂။ | အုပ်ချုပ်ရေး | ၂၄ | ၁၂ | ၀ | ၃၆ |
| ၃။ | ပညာရေး | ၉ | ၂၄ | ၀ | ၃၃ |
| ၄။ | ကျန်းမာရေး | ၅ | ၁၃ | ၀ | ၁၈ |
| ၅။ | ဝန်ဆောင်မှု | ၇ | ၅ | ၀ | ၁၂ |
| ၆။ | ဖွံ့ဖြိုးတိုးတက်မှု | ၄ | ၈ | ၀ | ၁၂ |
| ၇။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁ | ၈ | ၀ | ၉ |
| ၈။ | စိုက်ပျိုးရေး | ၄ | ၅ | ၀ | ၉ |
| ၉။ | မြေယာနှင့်အိုးအိမ် | ၂ | ၃ | ၀ | ၅ |
| ၁၀။ | အားကစား | ၁ | ၃ | ၀ | ၄ |
| ၁၁။ | လူမှုအထောက်အပံ့ | ၄ | ၀ | ၀ | ၄ |
| ၁၂။ | စီးပွားရေး | ၃ | ၀ | ၀ | ၃ |
| ၁၃။ | ယဉ်ကျေးမှု | ၁ | ၁ | ၀ | ၂ |
| ၁၄။ | အလုပ်သမားအရေး | ၂ | ၀ | ၀ | ၂ |
| ၁၅။ | စွမ်းအင် | ၁ | ၁ | ၀ | ၂ |
| ၁၆။ | သယ်ယူပို့ဆောင်ရေး | ၂ | ၀ | ၀ | ၂ |
| ၁၇။ | မွေးမြူရေး | ၂ | ၀ | ၀ | ၂ |
| ၁၈။ | ဥပဒေပြုရေး | ၁ | ၁ | ၀ | ၂ |
| ၁၉။ | အခွန်ကောက်ခံရေး | ၂ | ၀ | ၀ | ၂ |
| ၂၀။ | ဘဏ္ဍာရေး | ၁ | ၀ | ၀ | ၁ |
| ၂၁။ | မြေယာသိမ်းဆည်းမှု | ၀ | ၁ | ၀ | ၁ |
| ၂၂။ | နိုင်ငံရေး | ၁ | ၀ | ၀ | ၁ |
| ၂၃။ | သဘာဝသယံဇာတအရင်းအမြစ် | ၁ | ၀ | ၀ | ၁ |
| စုစုပေါင်း | | ၈၆ | ၁၂၁ | ၀ | ၂၀၇ |


**ဇယား ၃.၁၁။ အမျိုးသားလွှတ်တော် ဒုသတမပုံမှန်အစည်းအဝေး ကာလများအတွင်း မေးခွန်းမေးမြန်းမှု အကြောင်းအရာ၊ ကဏ္ဍနှင့် ရည်ရွယ်ချက်နှိုင်းယှဉ်မှု၊**

| စဉ် | တုံ့ပြန်ချက်များ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အပြုသဘောဆောင်သည့်တုံ့ပြန်ချက် | ၈၈ | ၄၂.၅ |
| ၂။ | ငြင်းဆိုသည့်တုံ့ပြန်ချက် | ၃၉ | ၁၈.၈ |
| ၃။ | ဆောင်ရွက်ဆဲဟုတုံ့ပြန်ချက် | ၃၃ | ၁၅.၉ |
| ၄။ | မရှင်းလင်းသည့်တုံ့ပြန်ချက် | ၃၀ | ၁၄.၅ |
| ၅။ | ရှောင်လွှဲတုံ့ပြန်ချက် | ၁၆ | ၇.၇ |
| ၆။ | ဆောင်ရွက်ပြီး | ၁ | ၀.၅ |
| စုစုပေါင်း | | ၂၀၇ | ၁၀၀ |


**ဇယား ၃.၁၂။ အမျိုးသားလွှတ်တော် ဒုသတမပုံမှန် အစည်းအဝေးကာလများအတွင်း မေးခွန်းမေးမြန်းမှုတွင် တုံ့ပြန်မှု၊**

## ၃.၂ အဆိုများကိုလေ့လာခြင်း

ဒသသမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်များ အဆိုတင်သွင်းခဲ့မှုများကို လေ့လာကြည့်ရာ ပြည်သူ့လွှတ်တော်တွင် အစည်းအဝေးကျင်းပရက် (၃၈) ရက်အတွင်း အဆိုစုစုပေါင်း (၁၇) ခုရှိခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် အစည်းအဝေးကျင်းပရက် (၃၇) ရက်အတွင်း အဆိုစုစုပေါင်း (၁၀) ခုရှိခဲ့သည်။ ထို့ကြောင့် ဒသသမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တစ်ရက်ပျမ်းမျှ မေးခွန်း (၀.၅) ခုနှင့် အဆိုတင်သွင်းခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် တစ်ရက်ပျမ်းမျှ (၀.၃) ခုနှင့် အဆိုတင်သွင်းခဲ့ကြောင်း တွေ့ရသည်။




ပုံ ၃. ၉။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း တစ်ရက်ပျမ်းမျှ အဆိုတင်သွင်းမှု။




ပုံ ၃. ၁၀။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း လွှတ်တော်နှစ်ရပ်တင်သွင်းသည့် အဆိုစုစုပေါင်း။


## ၃.၂.၁ ပြည်သူ့လွှတ်တော်တွင်တင်သွင်းခဲ့သောအဆိုများကိုလေ့လာခြင်း




ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးအတွင်း တင်သွင်းခဲ့သော အဆို စုစုပေါင်း (၁၇) ခု ရှိခဲ့သည်။ ရက်ပေါင်း (၃၈) ရက်အတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင်ပျမ်းမျှ အဆို (၀.၅) ခု တင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရက်ပေါင်း (၃၈) ရက်တွင် အဆိုတင်သွင်းမှု မရှိခဲ့သည့် ရက်ပေါင်း (၂၂) ရက်ရှိခဲ့ပါသည်။ အဆိုတင်သွင်းခဲ့သော ပါတီများကို လေ့လာကြည့်ရာတွင် အဆိုများအားလုံးကို ပါတီ (၄) ခုမှ တင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ USDP မှ အဆို (၈) ခုတင်သွင်းခဲ့ပြီး၊ NDF မှ အဆို (၄) ခု၊ NLD မှ အဆို (၃) ခု တင်သွင်းခဲ့ပါသည်။ SNDP မှ အဆို (၂) ခု တင်သွင်းခဲ့သည်။ ဒသမပုံမှန် အစည်းအဝေးကာလများဖြစ်သော ရက်ပေါင်း (၃၈) ရက်အတွင်း ကျန်ပါတီများမှ အဆိုတင်သွင်းခဲ့မှုများ ကိုမူ မတွေ့ရှိခဲ့ရပေ။

**ကျောင်းကျန်းမာရေးအဆို**

ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၈)လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေးမှလည်း "အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာ ရရှိရေး နိုင်ငံတော်မှ စီမံကိန်းများချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို" တစ်ခုကိုတင်သွင်းခဲ့ပါသည်။ ထိုသို့အဆို တင်သွင်းခဲ့မှုအပေါ် ရခိုင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (RNDP)မှ ကိုယ်စားလှယ် (၁) ဦးနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)မှကိုယ်စားလှယ် (၁) ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP)မှ ကိုယ်စားလှယ် (၃) ဦးတို့မှ ဝင်ရောက်ဆွေးနွေးသွားခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။




ပုံ ၃. ၁၁။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းမှု။


| စဉ် | ပါတီ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | USDP | ၈ | ၄၇.၁ |
| ၂။ | NDF | ၄ | ၂၃.၅ |
| ၃။ | NLD | ၃ | ၁၇.၆ |
| ၄။ | SNDP | ၂ | ၁၁.၈ |
| စုစုပေါင်း | | ၁၇ | ၁၀၀ |

**ဇယား ၃.၁၃။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း ပါတီအလိုက် အဆိုတင်သွင်းမှု။**

**ပြည်တွင်းငြိမ်းချမ်းရေးအဆို**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် မှလည်း "ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသူများကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရန်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို" ကိုလည်း ကိုယ်စားလှယ် (၁၄) ဦးတို့မှ ဝင်ရောက်ဆွေးနွေးသွားခဲ့ပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)မှ ကိုယ်စားလှယ်(၈)ဦး၊ ရခိုင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ(RNDP)၊ ချင်းတိုးတက်ရေးပါတီ (CPP)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP)၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP) စသည့်ပါတီအသီးသီးမှ ကိုယ်စားလှယ်တစ်ဦးစီ သည်လည်းကောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၂) ဦးသည်လည်းကောင်း အသီးသီးဝင်ရောက်ဆွေးနွေးသွားခဲ့ကြကြောင်းလေ့လာတွေ့ရှိခဲ့ပါသည်။

ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှုကို လေ့လာကြည့်ရာတွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှ အဆိုစုစုပေါင်း၏ ၄၁.၂ ရာခိုင်နှုန်း တင်သွင်းခဲ့သည်။ ကချင်ပြည်နယ်မှ ၁၇.၆ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ၁၁.၈ ရာခိုင်နှုန်းစီ အသီးသီး တင်သွင်းခဲ့ကြသည်ကို တွေ့ရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ၅.၉ ရာခိုင်နှုန်း အဆိုတင်သွင်းခဲ့သည်ကို တွေ့ရပြီး ကျန်ရှိနေသေးသော ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုတင်သွင်းမှု မရှိခဲ့ကြောင်းလေ့လာတွေ့ရှိခဲ့ရပါသည်။





ပုံ ၃. ၁၂။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု။

| စဉ် | ပြည်နယ် / တိုင်းဒေသကြီး | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ရန်ကုန် | ၇ | ၄၁.၂ |
| ၂။ | ကချင် | ၃ | ၁၇.၆ |
| ၃။ | ရှမ်း | ၂ | ၁၁.၈ |
| ၄။ | ပဲခူး | ၂ | ၁၁.၈ |
| ၅။ | ဧရာဝတီ | ၂ | ၁၁.၈ |
| ၆။ | စစ်ကိုင်း | ၁ | ၅.၈ |
| စုစုပေါင်း | | ၁၇ | ၁၀၀ |

**ဇယား ၃.၁၄။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု။**

အဆိုများကို တင်သွင်းသည့် အကြောင်းအရာကဏ္ဍ အလိုက် ခွဲခြားကြည့်ရာတွင်လည်း အကြောင်းအရာ/ကဏ္ဍ (၁၀) မျိုးနှင့် ဆက်စပ်၍ အဆိုတင်သွင်းခဲ့ကြကြောင်း တွေ့ရပါသည်။ အုပ်ချုပ်ရေးကဏ္ဍနှင့် ဆက်စပ်နေသော အဆိုတင်သွင်းမှု (၃) ကြိမ်ရှိခဲ့သည်တွေ့ရှိရပါသည်။ ကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ နိုင်ငံသားအခွင့်အရေး၊ စိုက်ပျိုးရေးကဏ္ဍများနှင့်ဆက်စပ်နေသောအဆိုများကို (၂) ကြိမ်စီ တင်သွင်းခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အလုပ်သမားရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဓါတ်သတ္တုတူးဖော်ရေးတို့နှင့်သက် ဆိုင်သော အဆို (၁) ခုစီ တင်သွင်းခဲ့ကြသည်။




ပုံ ၃. ၁၃။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ပါတီအလိုက်အဆိုတင်သွင်းသည့် အကြောင်းအရာ/ကဏ္ဍများ။

| စဉ် | အကြောင်းအရာ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အုပ်ချုပ်ရေး | ၃ | ၁၇.၆ |
| ၂။ | ကျန်းမာရေး | ၂ | ၁၁.၈ |
| ၃။ | ငြိမ်းချမ်းရေး | ၂ | ၁၁.၈ |
| ၄။ | နိုင်ငံရေး | ၂ | ၁၁.၈ |
| ၅။ | နိုင်ငံသားအခွင့်အရေး | ၂ | ၁၁.၈ |
| ၆။ | စိုက်ပျိုးရေး | ၂ | ၁၁.၈ |
| ၇။ | သဘာဝပတ်ဝန်းကျင် | ၁ | ၅.၉ |
| ၈။ | အလုပ်သမားရေး | ၁ | ၅.၉ |
| ၉။ | အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး | ၁ | ၅.၉ |
| ၁၀။ | ဓါတ်သတ္တုတူးဖော်ရေး | ၁ | ၅.၉ |
| | စုစုပေါင်း | ၁၇ | ၁၀၀ |

**ဇယား ၃.၁၅။ ပြည်သူ့လွှတ်တော် ဒေသမပုံမှန်အစည်းအဝေး ကာလအတွင်း အကြောင်းအရာအလိုက် အဆိုတင်သွင်းမှု**

| စဉ် | အကြောင်းအရာ | ပါတီ | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | NDF | NLD | SNDP | USDP | |
| ၁။ | အုပ်ချုပ်ရေး | ၁ | ၀ | ၀ | ၂ | ၃ |
| ၂။ | ကျန်းမာရေး | ၀ | ၁ | ၀ | ၁ | ၂ |
| ၃။ | ငြိမ်းချမ်းရေး | ၀ | ၀ | ၂ | ၀ | ၂ |
| ၄။ | နိုင်ငံရေး | ၂ | ၀ | ၀ | ၀ | ၂ |
| ၅။ | နိုင်ငံသားအခွင့်အရေး | ၀ | ၁ | ၀ | ၁ | ၂ |
| ၆။ | စိုက်ပျိုးရေး | ၀ | ၁ | ၀ | ၁ | ၂ |
| ၇။ | သဘာဝပတ်ဝန်းကျင် | ၀ | ၀ | ၀ | ၁ | ၁ |
| ၈။ | အလုပ်သမားရေး | ၁ | ၀ | ၀ | ၀ | ၁ |
| ၉။ | အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၀။ | ဓါတ်သတ္တုတူးဖော်ရေး | ၀ | ၀ | ၀ | ၁ | ၁ |
| | စုစုပေါင်း | ၄ | ၃ | ၂ | ၈ | ၁၇ |

**ဇယား ၃.၁၆။ ပြည်သူ့လွှတ်တော် ဒေသမပုံမှန်အစည်းအဝေး ကာလအတွင်း ပါတီအလိုက် တင်သွင်းသည့် အကြောင်းအရာများ။**

### ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေ အဆို

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် တင်သွင်းသွားခဲ့သော "ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းနှင့်ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို" တွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)မှ ကိုယ်စားလှယ် (၃)ဦးနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP)တို့မှ ကိုယ်စားလှယ် (၁) ဦး အသီးသီး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

တင်သွင်းခဲ့သော အဆိုများအနက် အစိုးရအား ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်၍ တင်သွင်းခဲ့သော အဆိုစုစုပေါင်း (၁၂) ခုရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၇၀.၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ အစိုးရအား စိစစ်ထိန်းကျောင်းရန် ရည်ရွယ်သည့်အဆိုများ ကို တင်သွင်းမှုတွင် USDP မှ အဆို (၅) ခု၊ NDF မှ အဆို (၃) ခုနှင့် NLD၊ SNDP တို့မှ အဆို (၂) ခုစီတင်သွင်းခဲ့ကြပါသည်။ မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက်ကိုယ်စားပြုတင်သွင်းခဲ့သော အဆိုများသည် ရာခိုင်နှုန်း အားဖြင့် ၁၇.၆ ရာခိုင်နှုန်း ဖြစ်ပြီး အားလုံးကို USDP မှ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေပြုရေးအတွက် ရည်ရွယ်သည့်အဆိုများကို NDF နှင့် NLD တို့မှတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

| စဉ် | ရည်ရွယ်ချက် | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အစိုးရအားထိန်းကျောင်းစိစစ်မှု | ၁၂ | ၇၀.၆ |
| ၂။ | ကိုယ်စားပြုမှု | ၃ | ၁၇.၆ |
| ၃။ | ဥပဒေပြုရေး | ၂ | ၁၁.၈ |
| စုစုပေါင်း | | ၁၇ | ၁၀၀ |

**ဇယား ၃.၁၇။ ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေး ကာလအတွင်း တင်သွင်းသော အဆိုများ၏ ရည်ရွယ်ချက်များ။**

| စဉ် | ရည်ရွယ်ချက် | ပါတီ | | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | NDF | NLD | SNDP | USDP | |
| ၁။ | အစိုးရအားထိန်းကျောင်းစိစစ်မှု | ၃ | ၂ | ၂ | ၅ | ၁၂ |
| ၂။ | ကိုယ်စားပြုမှု | ၀ | ၀ | ၀ | ၃ | ၃ |
| ၃။ | ဥပဒေပြုရေး | ၁ | ၁ | ၀ | ၀ | ၂ |
| စုစုပေါင်း | | ၄ | ၃ | ၂ | ၈ | ၁၇ |

**ဇယား ၃.၁၈။ ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေး ကာလအတွင်း ပါတီအလိုက်တင်သွင်းသည့်အဆိုများ၏ ရည်ရွယ်ချက်များ။**

လွှတ်တော်၌ တင်သွင်းခဲ့သော အဆိုများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်များအလိုက် လေ့လာကြည့်ရာတွင်လည်း အစိုးရအား ထိန်းကျောင်းစိစစ်ရန်ရည်ရွယ်ပြီးတင်သွင်းခဲ့သော အဆို (၁၂) ခုတွင် မှတ်တမ်းတင်ခဲ့သည့် အဆို (၉) ခု၊ လွှတ်တော်မှ ဆက်လက်ဆွေးနွေးရန် သဘောတူ ဆုံးဖြတ်ခဲ့သော အဆို (၂) ခုနှင့် အဆိုရှင်မှ ပြန်လည်ရုပ်သိမ်းခဲ့သော အဆို (၁) ခုရှိခဲ့ကြောင်းလေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့အတူ ကိုယ်စားပြုမှုနှင့်ဆက်စပ်၍တင်သွင်းခဲ့ သောအဆို (၃) ခုရှိခဲ့ရာ ၎င်းအဆိုအားလုံးကို မှတ်တမ်းတင်ထားရှိခဲ့သည်ကိုတွေ့ရပါသည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ တင်သွင်းခဲ့သောအဆို (၂) ခု တွင် (၁)ခုကို အဆိုရှင်မှ ပြန်လည်ရုပ်သိမ်းသွားခဲ့ပြီး၊ လွှတ်တော်မှ ဆက်လက်ဆွေးနွေးရန်လက်မခံသောအဆို (၁) ခု ရှိခဲ့သည်ကို လည်းလေ့လာတွေ့ရှိ ခဲ့ရပါသည်။


| စဉ် | လွှတ်တော်၏အဆုံးအဖြတ် | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | မှတ်တမ်းတင်ခြင်း | ၁၂ | ၇၀.၆ |
| ၂။ | အဆိုရှင်မှ ပြန်လည်ရုတ်သိမ်းခြင်း | ၂ | ၁၁.၈ |
| ၄။ | ဆက်လက်ဆွေးနွေးရန်သဘောတူခြင်း | ၂ | ၁၁.၈ |
| ၄။ | ဆွေးနွေးရန် လက်မခံခြင်း | ၁ | ၅.၉ |
| စုစုပေါင်း | | ၁၇ | ၁၀၀ |

**ဇယား ၃.၁၉။ ပြည်သူ့လွှတ်တော် ဒသသမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းသော အဆိုများအပေါ် ဆုံးဖြတ်ချက်များ။**

## ၃.၂.၂ အမျိုးသားလွှတ်တော်တွင်တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း




အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလ အတွင်း တင်သွင်းခဲ့သော အဆိုစုစုပေါင်း (၉) ခုရှိခဲ့ပါသည်။ ရက်ပေါင်း (၃၇) ရက်တာကာလ အတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင်ပျမ်းမျှ အဆို (၀.၂၄) ခုသာတင်သွင်းနိုင်ခဲ့ကြောင်းတွေ့ရသည်။ သို့သော် အမျိုးသား လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးကာလများအတွင်း အဆိုတင်သွင်းမှုလုံးဝမတွေ့ရှိခဲ့ရသောရက်ပေါင်း (၂၈) ရက်ရှိခဲ့ပါသည်။ ထိုသို့အဆိုတင်သွင်းနိုင်ခဲ့မှုများကို တင်သွင်းခဲ့သော ပါတီများအလိုက်လေ့လာကြည့်ရာတွင် ပါတီ (၃) ခုမှသာ အဆိုများတင်သွင်းခဲ့ကြောင်းတွေ့ရပါသည်။ ၎င်းပါတီသုံးခုမှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ (USDP) ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ပါတီနှင့် စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) (UDP) ပါတီတို့ဖြစ်ပါသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ပါတီမှအဆို (၆) ခု တင်သွင်းခဲ့ပြီး၊ စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) (UDP) ပါတီမှ အဆို (၂) ခု၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ (NDF) ပါတီမှ အဆို (၁) ခု တင်သွင်းခဲ့ပါသည်။ ဒသမပုံမှန်အစည်းအဝေးကာလများ ဖြစ်သောရက်ပေါင်း (၃၇) ရက်အတွင်းကျန်ပါတီများမှ အဆိုတင်သွင်းခဲ့မှုများကိုမူ မတွေ့ရှိခဲ့ရပေ။ ထို့အတူပင် ပုံမှန်အစည်းအဝေးရက်များအတွင်း အဆိုတင်သွင်းမှု လုံးဝမရှိခဲ့သောရက် (၂၈) ရက်ရှိနေခဲ့ပါသည်။





ပုံ ၃.၁၄။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းမှု။

| စဉ် | ပါတီ | အဆိုတင်သွင်းမှု အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ပါတီ | ၆ | ၆၆.၇ |
| ၂။ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) (UDP) ပါတီ | ၂ | ၂၂.၂ |
| ၃။ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ပါတီ | ၁ | ၁၁.၁ |
| စုစုပေါင်း | | ၉ | ၁၀၀ |

**ဇယား ၃.၂၀။ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပါတီအလိုက် အဆိုတင်သွင်းခဲ့မှုမှု။**

**နျူးကလီးယားပညာအဆို**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ၏ "နျူကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို" ကိုလည်း တပ်မတော်သားကိုယ်စားလှယ် (၃) ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)မှကိုယ်စားလှယ် (၂) ဦးတို့မှ ဝင်ရောက် ဆွေးနွေးသွားခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။




ပုံ ၃. ၁၅။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုတင်သွင်းမှု။

ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် လေ့လာကြည့်ရာတွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှ အဆိုစုစုပေါင်း၏ ၄၄.၅ ရာခိုင်နှုန်း အထိ အဆိုတင်သွင်းခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးမှအဆိုစုစုပေါင်း၏ ၂၂.၂ ရာခိုင်နှုန်း အထိတင်သွင်းခဲ့ပြီး၊ ကချင်ပြည်နယ်မှ ၂၂.၂ ရာခိုင်နှုန်း မကွေးတိုင်းဒေသကြီးမှ ၁၁.၁ ရာခိုင်နှုန်း စီဖြင့်အသီးသီး အဆိုတင်သွင်းခဲ့ကြသည်ကိုတွေ့ရပါသည်။ ကျန်ရှိနေသေးသော ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုတင်သွင်းမှု မရှိခဲ့သည်ကိုလည်းလေ့လာတွေ့ရှိခဲ့ ရပါသည်။


| စဉ် | ပြည်နယ် / တိုင်းဒေသကြီး | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ရန်ကုန် | ၄ | ၄၄.၅ |
| ၂။ | ပဲခူး | ၂ | ၂၂.၂ |
| ၃။ | ကချင် | ၂ | ၂၂.၂ |
| ၄။ | မကွေး | ၁ | ၁၁.၁ |
| စုစုပေါင်း | | ၉ | ၁၀၀ |

**ဇယား ၃.၂၁။ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်နယ် / တိုင်းဒေသကြီးအလိုက် အဆိုတင်သွင်းခဲ့မှု၊**

ထိုကဲ့သို့ တင်သွင်းခဲ့သောအဆိုများကို တင်သွင်းခဲ့သောအကြောင်းအရာအလိုက်နှင့် ရည်ရွယ်ချက်များ၊ လွှတ်တော်မှ အဆုံးအဖြတ်များကို ပိုင်းခြား လေ့လာရာတွင်လည်း အကြောင်းအရာ (၈) ခုအပေါ် အဆိုများတင်သွင်းခဲ့ပြီး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့်သက်ဆိုင်သောအဆိုများကိုအများဆုံး တွေ့မြင်ရ မည်ဖြစ်ပြီး ကျန်ကဏ္ဍများနှင့် ပတ်သက်၍ အဆိုတစ်ခုစီသာတင်သွင်းနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုသို့တင်သွင်းခဲ့သောအဆိုများကို ထပ်မံပိုင်း ခြားလေ့လာရာတွင်လည်း တင်သွင်းခဲ့သော ရည်ရွယ်ချက်များအလိုက် လေ့လာမှုပြုခဲ့ပါသည်။ သို့ဖြစ်ရာ အဆိုတင်သွင်းခဲ့မှုများသည် အစိုးရကို ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်၍တင်သွင်းခဲ့သော အဆိုများသာဖြစ်နေသည်ကို တွေ့ရှိခဲ့ရပြီး ထိုကဲ့သို့ အဆိုတင်သွင်းခဲ့ရာတွင် မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်များအတွက် ကိုယ်စားပြုတင်သွင်းခဲ့သောအဆိုများနှင့် ဥပဒေပြုရေးအတွက် ရည်ရွယ်တင်သွင်းခဲ့သောအဆိုများကို လုံးဝမတွေ့ရှိခဲ့ရပေ။ အဆိုများအားလုံး၏ ၈၀ ရာခိုင်နှုန်းကို လွှတ်တော်မှ အတည်ပြုခဲ့ပြီး ဆက်လက်ဆွေးနွေးရန် အဆိုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်း ကျန်ရှိနေသေးကြောင်းတွေ့ရှိခဲ့ရသည်။ ထိုသို့ကျန်ရှိနေသည့် ၂၀ ရာခိုင်နှုန်းသော အဆိုများသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ပါတီမှတင်သွင်းခဲ့သော အဆိုများဖြစ်ပါသည်။ ယခု ဒသမပုံမှန်အစည်းအဝေးကာလများအတွင်း အမျိုးသားလွှတ်တော်တွင် ဖော်ပြထားသော ပါတီသုံးခုမှ အဆိုတင်သွင်းမှုများကိုတွေ့ရှိရပြီး ကျန်ရှိနေသော ပါတီများမှ အဆိုတင်သွင်းခဲ့မှုများကို လုံးဝ မတွေ့ရှိရပေ။ သို့သော်လည်း ထိုပါတီများသည် တင်သွင်းသွားသော အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးသွားကြသည်ကိုလေ့လာတွေ့ရှိခဲ့ရပါသည်။

| စဉ် | အကြောင်းအရာ၊ ကဏ္ဍ | အကြိမ်အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ကျန်းမာရေး | ၁ | ၁၁.၁ |
| ၂။ | အုပ်ချုပ်ရေး | ၂ | ၂၂.၂ |
| ၃။ | ဘဏ္ဍာရေး | ၁ | ၁၁.၁ |
| ၄။ | ငြိမ်းချမ်းရေး | ၁ | ၁၁.၁ |
| ၅။ | နိုင်ငံရေး | ၁ | ၁၁.၁ |
| ၆။ | အလုပ်သမားရေး | ၁ | ၁၁.၁ |
| ၇။ | ပညာရေး | ၁ | ၁၁.၁ |
| ၈။ | တိုင်းရင်းသားအရေး | ၁ | ၁၁.၁ |
| စုစုပေါင်း | | ၉ | ၁၀၀ |

**ဇယား ၃.၂၂။ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း အကြောင်းအရာအလိုက် အဆိုတင်သွင်းခဲ့မှု။**




ပုံ ၃. ၁၆။ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း အမျိုးသားလွှတ်တော်တွင် ပါတီအလိုက် အဆိုတင်သွင်းသည့် အကြောင်းအရာ/ကဏ္ဍများ။

| စဉ် | အကြောင်းအရာ၊ ကဏ္ဍ | ပါတီ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | NDF | UDP | USDP | |
| ၁။ | ကျန်းမာရေး | ၀ | ၀ | ၁ | ၁ |
| ၂။ | အုပ်ချုပ်ရေး | ၀ | ၁ | ၁ | ၂ |
| ၃။ | ဘဏ္ဍာရေး | ၀ | ၀ | ၁ | ၁ |
| ၄။ | ငြိမ်းချမ်းရေး | ၀ | ၁ | ၀ | ၁ |
| ၅။ | နိုင်ငံရေး | ၁ | ၀ | ၀ | ၁ |
| ၆။ | အလုပ်သမားရေး | ၀ | ၀ | ၁ | ၁ |
| ၇။ | ပညာရေး | ၀ | ၀ | ၁ | ၁ |
| ၈။ | တိုင်းရင်းသားအရေး | ၀ | ၀ | ၁ | ၁ |
| စုစုပေါင်း | | ၁ | ၂ | ၆ | ၉ |

**ဇယား ၃.၂၃။ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပါတီအလိုက် အဆိုတင်သွင်းသည့် အကြောင်းအရာများ။**

## ၃.၃။ ထုတ်ပြန်ခဲ့ပြီးသော ဥပဒေများ

ဒဿမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပနေသည့် ကာလအတွင်း သက်ဆိုင်ရာလွှတ်တော်များမှ အတည်ပြု ခဲ့သော ဥပဒေကြမ်းများကို လေ့လာရာတွင် လွယ်ကူမှုရှိ စေရန်အတွက် တစ်ဖက်တွင်လည်း ဇယားကွက်များဖြင့် ဖော်ပြပေးထားပြီးဖြစ်ပါသည်။ ထိုသို့ဖော်ပြပေးမှုနှင့်အတူ ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ဒဿမအကြိမ်ပုံမှန်အစည်းအဝေး လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ အမှတ် (၄) တွင် လွှတ်တော် လေးနှစ်တာကာလ အတွင်း ပြည်ထောင်စု လွှတ်တော်မှ ထုတ်ပြန်ခဲ့သော ဥပဒေ များကို ဥပဒေအမည်နှင့် ထုတ်ပြန်ခဲ့သည့်နေ့စွဲ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၉၆)၊ ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့်ဆက်စပ်၍ လေ့လာမှုပြုထားခဲ့သောစာရင်းများကို လေ့လာတွေ့ရှိခဲ့ သည့်အတိုင်း ပြုစုတင်ပြအပ်ပါသည်။

### ၂၀၁၁ ခုနှစ် လွှတ်တော်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၁၅) ခု

၂၀၁၁ ခုနှစ် လွှတ်တော်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၁၅) ခုရှိခဲ့ပါသည်။

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ဥပဒေအမှတ် (၁) | အမြတ်ခွန်ဥပဒေကို ရုတ်သိမ်းသည့်ဥပဒေ | ၂၉.၉.၂၀၁၁ |
| ၂။ | ဥပဒေအမှတ် (၂) | မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၉.၉.၂၀၁၁ |
| ၃။ | ဥပဒေအမှတ် (၃) | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၉.၉.၂၀၁၁ |
| ၄။ | ဥပဒေအမှတ် (၄) | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၉.၉.၂၀၁၁ |
| ၅။ | ဥပဒေအမှတ် (၅) | ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၉.၉.၂၀၁၁ |
| ၆။ | ဥပဒေအမှတ် (၆) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၅.၁၀.၂၀၁၁ |
| ၇။ | ဥပဒေအမှတ် (၇) | အလုပ်သမားအဖွဲ့အစည်းဥပဒေ | ၁၁.၁၀.၂၀၁၁ |
| ၈။ | ဥပဒေအမှတ် (၈) | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၈.၁၀.၂၀၁၁ |
| ၉။ | ဥပဒေအမှတ် (၉) | အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၈.၁၀.၂၀၁၁ |
| ၁၀။ | ဥပဒေအမှတ် (၁၀) | တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၁၈.၁၀.၂၀၁၁ |
| ၁၁။ | ဥပဒေအမှတ် (၁၁) | နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၄.၁၁.၂၀၁၁ |
| ၁၂။ | ဥပဒေအမှတ် (၁၂) | ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုတ်သိမ်းသည့်ဥပဒေ | ၂၁.၁၁.၂၀၁၁ |
| ၁၃။ | ဥပဒေအမှတ် (၁၃) | အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ | ၃၀.၁၁.၂၀၁၁ |
| ၁၄။ | ဥပဒေအမှတ် (၁၄) | ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ | ၂.၁၁.၂၀၁၁ |
| ၁၅။ | ဥပဒေအမှတ် (၁၅) | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ | ၂.၁၁.၂၀၁၁ |

## ၂၀၁၂ ခုနှစ် လွှတ်တော်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၂၄) ခု

၂၀၁၂ ခုနှစ် လွှတ်တော် အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၂၄) ခုရှိခဲ့ရာတွင် ဥပဒေ (၂) ခုသည် ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၈) အရပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်ပါသည်။

### ၂၀၁၂ ခုနှစ် ဥပဒေများ ဇယား (က)

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ဥပဒေအမှတ် (၁) | ရပ်ကွက် (သို့ မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ | ၂၄.၂.၂၀၁၂ |
| ၂။ | ဥပဒေအမှတ် (၂) | ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ | ၂၄.၂.၂၀၁၂ |
| ၃။ | ဥပဒေအမှတ် (၃) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ | ၁၉.၃.၂၀၁၂ |
| ၄။ | ဥပဒေအမှတ် (၄) | ၂၀၁၂.၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ | ၁၉.၃.၂၀၁၂ |
| ၅။ | ဥပဒေအမှတ် (၅) | အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ | ၂၈.၃.၂၀၁၂ |
| ၆။ | ဥပဒေအမှတ် (၆) | ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ | ၂၈.၃.၂၀၁၂ |
| ၇။ | ဥပဒေအမှတ် (၇) | ရပ်ကွက် (သို့ မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၂၈.၃.၂၀၁၂ |
| ၈။ | ဥပဒေအမှတ် (၈) | မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော (သို့မဟုတ်) ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ | ၃၀.၃.၂၀၁၂ |
| ၉။ | ဥပဒေအမှတ် (၉) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ | ၃၀.၃.၂၀၁၂ |
| ၁၀။ | ဥပဒေအမှတ် (၁၀) | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ | ၃၀.၃.၂၀၁၂ |
| ၁၁။ | ဥပဒေအမှတ် (၁၁) | လယ်ယာမြေဥပဒေ | ၃၀.၃.၂၀၁၂ |
| ၁၂။ | ဥပဒေအမှတ် (၁၂) | နိုင်ငံခြားသုံးငွေဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ | ၁၀.၈.၂၀၁၂ |
| ၁၃။ | ဥပဒေအမှတ် (၁၃) | အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ | ၁၀.၈.၂၀၁၂ |
| ၁၄။ | ဥပဒေအမှတ် (၁၄) | နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေ | ၂၉.၈.၂၀၁၂ |
| ၁၅။ | ဥပဒေအမှတ် (၁၅) | လူမှုဖူလုံရေးဥပဒေ | ၃၁.၈.၂၀၁၂ |
| ၁၆။ | ဥပဒေအမှတ် (၁၆) | ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၃၁.၈.၂၀၁၂ |
| ၁၇။ | ဥပဒေအမှတ် (၁၇) | ပို့ကုန်၊ သွင်းကုန်ဥပဒေ | ၇.၉.၂၀၁၂ |
| ၁၈။ | ဥပဒေအမှတ် (၁၈) | ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၁.၁၁.၂၀၁၂ |

## ၂၀၁၂ ခုနှစ် ဥပဒေများ ဇယား (ခ)

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁၉။ | ဥပဒေအမှတ် (၁၉) | မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၁.၁၁.၂၀၁၂ |
| ၂၀။ | ဥပဒေအမှတ် (၂၀) | ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁.၁၁.၂၀၁၂ |
| ၂၁။ | ဥပဒေအမှတ် (၂၁) | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ | ၃.၁၁.၂၀၁၂ |
| ၂၂။ | ဥပဒေအမှတ် (၂၂) | ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ | ၂၃.၁၁.၂၀၁၂ |
| ၂၃။ | ဥပဒေအမှတ် (၂၃) | ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ | ၂၆.၁၁.၂၀၁၂ |
| ၂၄။ | ဥပဒေအမှတ် (၂၄) | ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ | ၂၆.၁၁.၂၀၁၂ |

## ၂၀၁၃ ခုနှစ် လွှတ်တော်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၃၇) ခု

၂၀၁၃ ခုနှစ် လွှတ်တော်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၃၇) ခုရှိခဲ့ရာတွင် ဥပဒေ (၁) ခုသည် ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၈) အရ ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပါသည်။

## ၂၀၁၃ ခုနှစ် ဥပဒေများ ဇယား (က)

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ဥပဒေအမှတ် (၁) | နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းရေးနှင့် အမျိုးသားညီလာခံ အောင်မြင်စွာဆောင်ရွက်နိုင်ရေးတို့ကို နှောက်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၁၅.၁.၂၀၁၃ |
| ၂။ | ဥပဒေအမှတ် (၂) | တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၅.၁.၂၀၁၃ |
| ၃။ | ဥပဒေအမှတ် (၃) | ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၂၀.၁.၂၀၁၃ |
| ၄။ | ဥပဒေအမှတ် (၄) | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၀.၁.၂၀၁၃ |
| ၅။ | ဥပဒေအမှတ် (၅) | နိုင်ငံ့ဝန်ထမ်းဥပဒေ | ၈.၃.၂၀၁၃ |
| ၆။ | ဥပဒေအမှတ် (၆) | တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၈.၃.၂၀၁၃ |
| ၇။ | ဥပဒေအမှတ် (၇) | ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေဥပဒေ | ၂၂.၃.၂၀၁၃ |
| ၈။ | ဥပဒေအမှတ် (၈) | နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၂၂.၃.၂၀၁၃ |
| ၉။ | ဥပဒေအမှတ် (၉) | ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၂၂.၃.၂၀၁၃ |
| ၁၀။ | ဥပဒေအမှတ် (၁၀) | ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၂၉.၃.၂၀၁၃ |
| ၁၁။ | ဥပဒေအမှတ် (၁၁) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ | ၂၉.၃.၂၀၁၃ |
| ၁၂။ | ဥပဒေအမှတ် (၁၂) | ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ | ၂၉.၃.၂၀၁၃ |
| ၁၃။ | ဥပဒေအမှတ် (၁၃) | အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၂၈.၆.၂၀၁၃ |
| ၁၄။ | ဥပဒေအမှတ် (၁၄) | ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၂၈.၆.၂၀၁၃ |
| ၁၅။ | ဥပဒေအမှတ် (၁၅) | ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၈.၆.၂၀၁၃ |
| ၁၆။ | ဥပဒေအမှတ် (၁၆) | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ | ၁၁.၇.၂၀၁၃ |
| ၁၇။ | ဥပဒေအမှတ် (၁၇) | တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေ | ၂၉.၇.၂၀၁၃ |
| ၁၈။ | ဥပဒေအမှတ် (၁၈) | မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ | ၂၉.၇.၂၀၁၃ |
| ၁၉။ | ဥပဒေအမှတ် (၁၉) | လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ | ၂၉.၇.၂၀၁၃ |

## ၂၀၁၃ ခုနှစ် ဥပဒေများ ဇယား (ခ)

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၂၀။ | ဥပဒေအမှတ် (၂၀) | ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ | ၃၁.၇.၂၀၁၃ |
| ၂၁။ | ဥပဒေအမှတ် (၂၁) | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ | ၃၁.၇.၂၀၁၃ |
| ၂၂။ | ဥပဒေအမှတ် (၂၂) | ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ | ၆.၈.၂၀၁၃ |
| ၂၃။ | ဥပဒေအမှတ် (၂၃) | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ | ၇.၈.၂၀၁၃ |
| ၂၄။ | ဥပဒေအမှတ် (၂၄) | အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၃.၈.၂၀၁၃ |
| ၂၅။ | ဥပဒေအမှတ် (၂၅) | မျက်စိလျှဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၀.၈.၂၀၁၃ |
| ၂၆။ | ဥပဒေအမှတ် (၂၆) | ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၀.၈.၂၀၁၃ |
| ၂၇။ | ဥပဒေအမှတ် (၂၇) | မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၀.၈.၂၀၁၃ |
| ၂၈။ | ဥပဒေအမှတ် (၂၈) | ဓါတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ | ၂၆.၈.၂၀၁၃ |
| ၂၉။ | ဥပဒေအမှတ် (၂၉) | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၃၀.၈.၂၀၁၃ |
| ၃၀။ | ဥပဒေအမှတ် (၃၀) | ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၈.၁၀.၂၀၁၃ |
| ၃၁။ | ဥပဒေအမှတ် (၃၁) | ဆက်သွယ်ရေးဥပဒေ | ၈.၁၀.၂၀၁၃ |
| ၃၂။ | ဥပဒေအမှတ် (၃၂) | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ | ၈.၁၀.၂၀၁၃ |
| ၃၃။ | ဥပဒေအမှတ် (၃၃) | မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၅.၁၀.၂၀၁၃ |
| ၃၄။ | ဥပဒေအမှတ် (၃၄) | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၅.၁၀.၂၀၁၃ |
| ၃၅။ | ဥပဒေအမှတ် (၃၅) | မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၂.၁၀.၂၀၁၃ |
| ၃၆။ | ဥပဒေအမှတ် (၃၆) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှင့် ပြည်ထောင်စု၏နောက်ဆက်တွဲဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ | ၁၃.၁၁.၂၀၁၃ |
| ၃၇။ | ဥပဒေအမှတ် (၃၇) | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ | ၂၈.၁၁.၂၀၁၃ |

## ၂၀၁၄ ခုနှစ် လွှတ်တော်အစည်းအဝေးကာလ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၃၇) ခု

၂၀၁၄ ခုနှစ် လွှတ်တော်အစည်းအဝေးကာလ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၃၇) ခုရှိခဲ့ရာတွင် ဥပဒေ (၃၅) ခုကို နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ကျန်ဥပဒေ (၂) ခုသည် ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၈) အရပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်ပါသည်။

## ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဥပဒေများ ဇယား (က)

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ဥပဒေအမှတ် (၁) | မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ | ၂၃.၁.၂၀၁၄ |
| ၂။ | ဥပဒေအမှတ် (၂) | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၂၅.၁.၂၀၁၄ |
| ၃။ | ဥပဒေအမှတ် (၃) | ဘက်စုံပို့ဆောင်ရေးဥပဒေ | ၃၁.၁.၂၀၁၄ |
| ၄။ | ဥပဒေအမှတ် (၄) | ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ | ၆.၂.၂၀၁၄ |
| ၅။ | ဥပဒေအမှတ် (၅) | အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၆.၂.၂၀၁၄ |
| ၆။ | ဥပဒေအမှတ် (၆) | အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၅.၂.၂၀၁၄ |
| ၇။ | ဥပဒေအမှတ် (၇) | မြန်မာနိုင်ငံရဲညွှန့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၂၈.၂.၂၀၁၄ |
| ၈။ | ဥပဒေအမှတ် (၈) | တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၈.၂.၂၀၁၄ |
| ၉။ | ဥပဒေအမှတ် (၉) | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ | ၁၂.၃.၂၀၁၄ |
| ၁၀။ | ဥပဒေအမှတ် (၁၀) | စားသုံးသူအကာအကွယ်ပေးရေးဥပဒေ | ၁၄.၃.၂၀၁၄ |
| ၁၁။ | ဥပဒေအမှတ် (၁၁) | ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ | ၁၄.၃.၂၀၁၄ |
| ၁၂။ | ဥပဒေအမှတ် (၁၂) | သတင်းမီဒီယာ ဥပဒေ | ၁၄.၃.၂၀၁၄ |
| ၁၃။ | ဥပဒေအမှတ် (၁၃) | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ | ၁၄.၃.၂၀၁၄ |
| ၁၄။ | ဥပဒေအမှတ် (၁၄) | ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၉.၃.၂၀၁၄ |
| ၁၅။ | ဥပဒေအမှတ် (၁၅) | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၄.၃.၂၀၄၁ |
| ၁၆။ | ဥပဒေအမှတ် (၁၆) | ကုန်သွယ်ရေးလုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၄.၃.၂၀၄၁ |
| ၁၇။ | ဥပဒေအမှတ် (၁၇) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ | ၂၈.၃.၂၀၁၄ |
| ၁၈။ | ဥပဒေအမှတ် (၁၈) | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ | ၂၈.၃.၂၀၁၄ |
| ၁၉။ | ဥပဒေအမှတ် (၁၉) | မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၈.၃.၂၀၁၄ |
| ၂၀။ | ဥပဒေအမှတ် (၂၀) | ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ | ၂၈.၃.၂၀၁၄ |
| ၂၁။ | ဥပဒေအမှတ် (၂၁) | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ | ၂၈.၃.၂၀၁၄ |

# ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဥပဒေများ ဇယား (ခ)

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၂၂။ | ဥပဒေအမှတ် (၂၂) | အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁.၄.၂၀၁၄ |
| ၂၃။ | ဥပဒေအမှတ် (၂၃) | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ | ၄.၆.၂၀၁၄ |
| ၂၄။ | ဥပဒေအမှတ် (၂၄) | ၂၀၁၄ ခုနှစ်၊ စာချုန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ | ၅.၆.၂၀၁၄ |
| ၂၅။ | ဥပဒေအမှတ် (၂၅) | လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၇.၆.၂၀၁၄ |
| ၂၆။ | ဥပဒေအမှတ် (၂၆) | ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၄.၆.၂၀၁၄ |
| ၂၇။ | ဥပဒေအမှတ် (၂၇) | ကြိမ်ဒါဏ်ပေးခြင်းအက်ဥပဒေကို ရုတ်သိမ်းသည့်ဥပဒေ | ၁.၇.၂၀၁၄ |
| ၂၈။ | ဥပဒေအမှတ် (၂၈) | စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ | ၃.၇.၂၀၁၄ |
| ၂၉။ | ဥပဒေအမှတ် (၂၉) | တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၃.၇.၂၀၁၄ |
| ၃၀။ | ဥပဒေအမှတ် (၃၀) | ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၈.၇.၂၀၁၄ |
| ၃၁။ | ဥပဒေအမှတ် (၃၁) | အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ | ၁၈.၇.၂၀၁၄ |
| ၃၂။ | ဥပဒေအမှတ် (၃၂) | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ | ၂၃.၇.၂၀၁၄ |
| ၃၃။ | ဥပဒေအမှတ် (၃၃) | လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၄.၇.၂၀၁၄ |
| ၃၄။ | ဥပဒေအမှတ် (၃၄) | မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၉.၇.၂၀၁၄ |
| ၃၅။ | ဥပဒေအမှတ် (၃၅) | ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၃၀.၇.၂၀၁၄ |
| ၃၆။ | ဥပဒေအမှတ် (၃၆) | ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၃၁.၇.၂၀၁၄ |
| ၃၇။ | ဥပဒေအမှတ် (၃၇) | နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ | ၁.၈.၂၀၁၄ |

# ၂၀၁၄ ခုနှစ် လွှတ်တော်အစည်းအဝေးကာလ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၂၀) ခု

၂၀၁၄ ခုနှစ် လွှတ်တော်အစည်းအဝေးကာလ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၂၀) ခုရှိခဲ့ပါသည်။

## ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဥပဒေများ ဇယား

| စဉ် | ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ဥပဒေအမှတ် (၃၈) | နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၃၀.၉.၂၀၁၄ |
| ၂။ | ဥပဒေအမှတ် (၃၉) | မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ | ၃၀.၉.၂၀၁၄ |
| ၃။ | ဥပဒေအမှတ် (၄၀) | အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၃၀.၉.၂၀၁၄ |
| ၄။ | ဥပဒေအမှတ် (၄၁) | အမျိုးသားပညာရေးဥပဒေ | ၃၀.၉.၂၀၁၄ |
| ၅။ | ဥပဒေအမှတ် (၄၂) | စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၇.၁၀.၂၀၁၄ |
| ၆။ | ဥပဒေအမှတ် (၄၃) | ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၀.၁၀.၂၀၁၄ |
| ၇။ | ဥပဒေအမှတ် (၄၄) | လျှပ်စစ်ဥပဒေ | ၂၇.၁၀.၂၀၁၄ |
| ၈။ | ဥပဒေအမှတ် (၄၅) | ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၃.၁၁.၂၀၁၄ |
| ၉။ | ဥပဒေအမှတ် (၄၆) | နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ | ၅.၁၁.၂၀၁၄ |
| ၁၀။ | ဥပဒေအမှတ် (၄၇) | တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၉.၁၁.၂၀၁၄ |
| ၁၁။ | ဥပဒေအမှတ် (၄၈) | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၀.၁၁.၂၀၁၄ |
| ၁၂။ | ဥပဒေအမှတ် (၄၉) | ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ | ၂၀.၁၁.၂၀၁၄ |
| ၁၃။ | ဥပဒေအမှတ် (၅၀) | ၁၉၄၇ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၂၀.၁၁.၂၀၁၄ |
| ၁၄။ | ဥပဒေအမှတ် (၅၁) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေ | ၅.၁၂.၂၀၁၄ |
| ၁၅။ | ဥပဒေအမှတ် (၅၂) | မြန်မာအမျိုးသားလေကြောင်း ဥပဒေ | ၅.၁၂.၂၀၁၄ |
| ၁၆။ | ဥပဒေအမှတ် (၅၃) | ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ | ၅.၁၂.၂၀၁၄ |
| ၁၇။ | ဥပဒေအမှတ် (၅၄) | ကိုယ်ပိုင်အုပ်ချုပ်ရေးရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၉.၁၂.၂၀၁၄ |
| ၁၈။ | ဥပဒေအမှတ် (၅၅) | နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၉.၁၂.၂၀၁၄ |
| ၁၉။ | ဥပဒေအမှတ် (၅၆) | ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၉.၁၂.၂၀၁၄ |
| ၂၀။ | ဥပဒေအမှတ် (၅၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၉.၁၂.၂၀၁၄ |

## ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးကာလ ဇန်နဝါရီလမှ မတ်လအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၁၀) ခု

၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးကာလများအတွင်း ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးသော ဥပဒေ (၁၀) ခုရှိခဲ့ပါသည်။

### ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဥပဒေများ ဇယား

| စဉ် | ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် | ဥပဒေအမည် | နိုင်ငံတော် သမ္မတမှ လက်မှတ်ရေးထိုးသည့် ရက်စွဲ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ဥပဒေအမှတ် (၁) | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၃၁.၁.၂၀၁၅ |
| ၂။ | ဥပဒေအမှတ် (၂) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ | ၁၀.၂.၂၀၁၅ |
| ၃။ | ဥပဒေအမှတ် (၃) | သံအရာရှိများနှင့်ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၀.၂.၂၀၁၅ |
| ၄။ | ဥပဒေအမှတ် (၄) | ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၀.၂.၂၀၁၅ |
| ၅။ | ဥပဒေအမှတ် (၅) | မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၈.၂.၂၀၁၅ |
| ၆။ | ဥပဒေအမှတ် (၆) | ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁၈.၂.၂၀၁၅ |
| ၇။ | ဥပဒေအမှတ် (၇) | လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | ၁၈.၂.၂၀၁၅ |
| ၈။ | ဥပဒေအမှတ် (၈) | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၂၄.၂.၂၀၁၅ |
| ၉။ | ဥပဒေအမှတ် (၉) | ယှဉ်ပြိုင်မှု ဥပဒေ | ၂၄.၂.၂၀၁၅ |
| ၁၀။ | ဥပဒေအမှတ် (၁၀) | မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ | ၅.၃.၂၀၁၅ |
| ၁၁။ | ဥပဒေအမှတ် (၁၁) | မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ | ၁၇.၃.၂၀၁၅ |
| ၁၂။ | ဥပဒေအမှတ် (၁၂) | ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု့ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၇.၃.၂၀၁၅ |
| ၁၃။ | ဥပဒေအမှတ် (၁၃) | ပင်လယ်ကြောင်း အကောက်အခွန် အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၁၇.၃.၂၀၁၅ |
| ၁၄။ | ဥပဒေအမှတ် (၁၄) | ကုန်းလမ်း အကောက်အခွန် အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၁၇.၃.၂၀၁၅ |

အတည်ပြုပြဋ္ဌာန်းခဲ့သောဥပဒေများကို ၂၀၁၁ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ ခုနှစ်အလိုက်နှင့် အဆိုပါဥပဒေတစ်ရပ်သည် မူလဥပဒေကိုရုတ်သိမ်းသည့်ဥပဒေ၊ မူလဥပဒေကိုပြင်ဆင်သည့်ဥပဒေ သို့မဟုတ် အသစ်ပြဋ္ဌာန်းသောဥပဒေဟု သက်ဆိုင်ရာအမျိုးအစားအလိုက်ဇယားကွက်တွင်ထည့်သွင်းဖော်ပြထားပါသည်။

| စဉ် | ပြဋ္ဌာန်းခဲ့သည့်ခုနှစ် | မူလဥပဒေကို ရုတ်သိမ်းသည့် ဥပဒေ | မူလဥပဒေကို ပြင်ဆင်သည့် ဥပဒေ | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ၂၀၁၁ ခုနှစ် | ၂ | ၉ | ၄ | ၁၅ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ |
| ၂။ | ၂၀၁၂ ခုနှစ် | ၄ | ၂ | ၁၈ | ၂၄ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ |
| ၃။ | ၂၀၁၃ ခုနှစ် | ၄ | ၁၅ | ၁၈ | ၃၇ | ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ |
| ၄။ | ၂၀၁၄ ခုနှစ် | ၂ | ၁၆ | ၁၉ | ၃၇ | ဇန်နဝါရီလမှ ဩဂုတ်လအထိ |
| ၅။ | ၂၀၁၄ ခုနှစ် | ၂ | ၁၁ | ၇ | ၂၀ | စက်တင်ဘာလမှ ဒီဇင်ဘာလအထိ |
| ၆။ | ၂၀၁၅ ခုနှစ် | ၁ | ၈ | ၅ | ၁၄ | ဇန်နဝါရီလမှ မတ်လအထိ |
| စုစုပေါင်း | | ၁၅ | ၆၁ | ၇၁ | ၁၄၇ | |

### ၂၀၁၁ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ဥပဒေ (၁၅) ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၆)၊ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့် ဆက်စပ်၍ လေ့လာခြင်း။

| | |
|---|---|
| ၁။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ | (၁) |
| ၂။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၆) |
| ၃။ လူမှုရေးကဏ္ဍ | (၃) |
| ၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း | (၅) |

### ၂၀၁၂ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ဥပဒေ (၂၄) ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့် ဆက်စပ်၍ လေ့လာခြင်း။

| | |
|---|---|
| ၁။ နိုင်ငံခြားရေးကဏ္ဍ | (၁) |
| ၂။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၇) |
| ၃။ စီးပွားရေးကဏ္ဍ | (၁) |
| ၄။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ | (၃) |
| ၅။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တောကဏ္ဍ | (၁) |
| ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးကဏ္ဍ | (၁) |
| ၇။ လူမှုရေးကဏ္ဍ | (၄) |
| ၈။ စီမံခန့်ခွဲရေးကဏ္ဍ | (၂) |
| ၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း | (၄) |

### ၂၀၁၃ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော ဥပဒေ (၃၇) ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့် ဆက်စပ်၍ လေ့လာခြင်း။

| | |
|---|---|
| ၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၉) |
| ၂။ စီးပွားရေးကဏ္ဍ | (၂) |
| ၃။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တောကဏ္ဍ | (၂) |
| ၄။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးကဏ္ဍ | (၄) |
| ၅။ လူမှုရေးကဏ္ဍ | (၈) |
| ၆။ စီမံခန့်ခွဲရေးကဏ္ဍ | (၃) |
| ၇။ တရားစီရင်ရေးကဏ္ဍ | (၆) |
| ၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း | (၃) |

## ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ပြဋ္ဌာန်းခဲ့သော ဥပဒေ (၃၇) ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့် ဆက်စပ်၍ လေ့လာခြင်း။

| | |
|---|---|
| ၁။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ | (၃) |
| ၂။ နိုင်ငံခြားရေးကဏ္ဍ | (၁) |
| ၃။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၇) |
| ၄။ စီးပွားရေးကဏ္ဍ | (၂) |
| ၅။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တောကဏ္ဍ | (၁) |
| ၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးကဏ္ဍ | (၅) |
| ၇။ လူမှုရေးကဏ္ဍ | (၈) |
| ၈။ စီမံခန့်ခွဲရေးကဏ္ဍ | (၁) |
| ၉။ တရားစီရင်ရေးကဏ္ဍ | (၅) |
| ၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း | (၄) |

## ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပြဋ္ဌာန်းခဲ့သော ဥပဒေ (၂၀) ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့် ဆက်စပ်၍ လေ့လာခြင်း။

| | |
|---|---|
| ၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၁) |
| ၂။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တောကဏ္ဍ | (၁) |
| ၃။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးကဏ္ဍ | (၂) |
| ၄။ လူမှုရေးကဏ္ဍ | (၂) |
| ၅။ စီမံခန့်ခွဲရေးကဏ္ဍ | (၂) |
| ၆။ တရားစီရင်ရေးကဏ္ဍ | (၁၂) |

## ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ပြဋ္ဌာန်းခဲ့သော ဥပဒေ (၁၀) ခုကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၁၂ ခု၊ အကြောင်းအရာ ၁၂၂ ခု နှင့် ဆက်စပ်၍ လေ့လာခြင်း။

| | |
|---|---|
| ၁။ နိုင်ငံခြားရေးကဏ္ဍ | (၂) |
| ၂။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ | (၂) |
| ၃။ စီးပွားရေးကဏ္ဍ | (၁) |
| ၄။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ | (၁) |
| ၅။ လူမှုရေးကဏ္ဍ | (၃) |
| ၆။ တရားစီရင်ရေးကဏ္ဍ | (၃) |
| ၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ အရ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်း | (၂) |

# ၃.၄။ ကော်မတီများအလိုက် တင်သွင်းခဲ့သည့်အစီရင်ခံစာများ

ဒုသဿမပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ကော်မတီအစီရင်ခံစာ နှစ်ခုစီ တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ပူးပေါင်းကော်မတီများမှ အစီရင်ခံစာတင်သွင်းမှု မတွေ့ရှိခဲ့ရပေ။

## ၃.၄.၁။ ပြည်သူ့လွှတ်တော် ကော်မတီများအလိုက် တင်သွင်းခဲ့သည့် အစီရင်ခံစာများ

| စဉ် | ကော်မတီ | အစီရင်ခံစာအမည် | (၁၀) ကြိမ်မြောက်အစည်းအဝေး ကာလအတွင်းပြီးစီးမှုအခြေအနေ | အတည်ပြုခဲ့သည့်နေ့စွဲ |
|---|---|---|---|---|
| ၁။ | အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ | ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ ကိုအတည်ပြုခြင်း | ၃-ဇွန်လ-၂၀၁၄ |
| ၂။ | ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ | ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ၁/၂၀၁၄ အစီရင်ခံစာပါ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုမှရရှိသော ညှိနှိုင်းသဘောတူချက် အစီရင်ခံစာ | ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ၁/၂၀၁၄ အစီရင်ခံစာပါ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှု ရရှိသော ညှိနှိုင်းသဘောတူချက် အစီရင်ခံစာကို အတည်ပြုခြင်း | ၁၀-ဇွန်လ-၂၀၁၄ |

## ၃.၄.၂။ အမျိုးသားလွှတ်တော် ကော်မတီများအလိုက် တင်သွင်းခဲ့သည့် အစီရင်ခံစာများ

| စဉ် | ကော်မတီ | အစီရင်ခံစာအမည် | (၁၀) ကြိမ်မြောက်အစည်းအဝေး ကာလအတွင်းပြီးစီးမှုအခြေအနေ | အတည်ပြုခဲ့သည့်နေ့စွဲ |
|---|---|---|---|---|
| ၁။ | အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ | ပြည်ထောင်စုလွှတ်တော်မှ အကြောင်းကြားလာသဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီမှ တင်သွင်းသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/ ၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထပ်မံပြင်ဆင်ကြောင်း အစီရင်ခံစာ | ပြည်ထောင်စုလွှတ်တော်မှ အကြောင်းကြားလာသဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်သွင်းသော နိုင်ငရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/ ၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထပ်မံပြင်ဆင်ကြောင်း အစီရင်ခံစာကို အတည်ပြုခြင်း | ၂၉-ဇူလိုင်လ-၂၀၁၄ |
| ၂။ | အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်ပြ မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်ပြ မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ | အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်ပြ မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်ပြ မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အတည်ပြုခြင်း | ၃၁-ဇူလိုင်လ-၂၀၁၄ |

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန် အစည်းအဝေးကာလမှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်း သည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်း အဝေး (၃၁) ရက်မြောက်နေ့ (၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၄) တွင် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်း အဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန် အ စည်းအဝေးကာလမှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော် ဒသမပုံမှန် အစည်း အဝေး (၃၇)ရက်မြောက်နေ့ (၃၁၊ ဇူလိုင်လ၊ ၂၀၁၄) တွင် အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ အဆိုပါ အစီရင်ခံစာ တင်သွင်းခဲ့မှုနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်မာ့ရေး့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးမှ အောက်ဖော်ပြပါအတိုင်း အကျဉ်းချုပ်ကို ကောက်နုတ်ဖော်ပြပါသည်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်း အဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း များ၊ ကြယ်ပွင့် မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန် အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိနေသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်း အဝေး (၃၁) ရက်မြောက်နေ့ (၂၁ ရက်၊ ဇူလိုင်လ ၂၀၁၄) တွင်တင်သွင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အစီရင်ခံစာကို မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒ နယ်အမှတ် (၁၁) မှ ဦးအောင်ထွန်း (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ) မှဖတ်ကြားခဲ့ခြင်း ဖြစ်ပါသည်။ အစီရင်ခံစာတွင် အပိုင်း (၄) ပိုင်းခွဲခြား၍တင်ပြထားသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

အပိုင်း (၁) တွင် ပြီးခဲ့သော နဝမအကြိမ် ပုံမှန်အစည်း အဝေး၌ ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများကို ရှင်းလင်းတင်ပြထားပါသည်။

အပိုင်း (၂) တွင် ပြီးခဲ့တဲ့ နဝမအကြိမ် ပုံမှန်အစည်းအဝေး ၌ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ထားပါသည်။

အပိုင်း(၃)မှာ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးကာလမှ အဋ္ဌမပုံမှန်အစည်း အဝေးကာလများအထိ ကတိကဝတ်ဖြစ်ခဲ့သော ကြယ်ပွင့်ပြ မေးခွန်းနှင့် အဆိုများကို ရှင်းလင်းတင်ပြထားပါသည်။

အပိုင်း(၄)တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလမှစတင်၍ အဋ္ဌမပုံမှန် အစည်းအဝေးများအထိ ကတိကဝတ်ဖြစ်ခဲ့တဲ့ ကြယ်ပွင့်မပြ မေးခွန်းများ၏ ဆောင်ရွက်မှု အခြေအနေများကို အပိုင်း (၄) ပိုင်းခွဲရှင်းလင်းထားကြောင်းတွေ့ရှိခဲ့ရပါသည်။

အပိုင်း (၁) တွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကာလအတွင်း မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းပေါင်း (၈၁)ခုမှ ကတိကဝတ် ဖြစ်ပေါ်ခဲ့တဲ့မေးခွန်း (၃၁)ခုအနက် ဆောင်ရွက်ပြီးလုပ်ငန်း (၁၅) ခု ရှိခဲ့ပါသည်။ မပြီးပြတ်သေးသော လုပ်ငန်း (၁၅)ခုရှိနေပြီး ကျန်ရှိနေသေးသော လုပ်ငန်းများကို (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သော လုပ်ငန်း(၉)ခုဖြစ်ပါသည်။ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ် နောက်ပိုင်းမှသာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း (၆) ခုရှိခဲ့ပါသည်။ အဆိုတင်သွင်းမှုများနှင့် စပ်လျဉ်း၍ တင်ပြခဲ့ရာတွင် နဝမပုံမှန်အစည်းအဝေးကာလ၌ တင်သွင်းခဲ့သောအဆို (၅) ခုရှိပြီး (၄) ခုအားလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည့် အဆိုများဖြစ်ပါသည်။ အတည်ပြုခဲ့သည့် အဆို (၄)ခုအနက် (၃) ခုသည် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသောကြောင့် ဆက်လက်ဆောင်ရွက်ရန် အဆို (၁)ခု ကျန်ရှိနေသေးကြောင်း ကော်မတီမှ တွေ့ရှိ တင်ပြသွားခဲ့ပါသည်။

အပိုင်း (၂) တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလအတွင်း၌ မေးမြန်းခဲ့သော ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၆၃)ခုရှိနေခဲ့ပြီး ကတိကဝတ် ဖြစ်ပေါ်ခဲ့သော မေးခွန်း (၁၄၄)ခုရှိခဲ့ပါသည်။ ၎င်းတို့အနက် ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်း (၇၃)ခုနှင့် ဆောင်ရွက်မှု မပီးပြတ်သေးသောလုပ်ငန်း (၇၁)ခုရှိနေခဲ့ကြောင်း တင်ပြသွားခဲ့ပါသည်။ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသော လုပ်ငန်း (၇၁)ခုကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လက်တွေ့တွင် မပြီးပြတ်သေးသော လုပ်ငန်း (၅) ခုကိုတွေ့ရှိခဲ့ရပါသည်။ (၂၀၁၄ - ၂၀၁၅) ဘဏ္ဍာရေးနှစ်အတွင်း၌ ဆောင်ရွက်ပေးရန် ကတိကဝတ် ပြုထားခဲ့သော လုပ်ငန်း(၂၃)ခု၊ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ် နှင့် နောက်ပိုင်းကာလများတွင် ဆောင်ရွက်သွားမည့်လုပ်ငန်း (၄၃)ခုရှိနေသည်ကို တွေ့ရှိခဲ့ကြောင်း တင်ပြသွားခဲ့ပါသည်။

အပိုင်း (၃) တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ အဋ္ဌမပုံမှန်အစည်း အဝေးကာလများအထိ ကတိကဝတ်ဖြစ်ခဲ့သော ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၇၆၆) ခုရှိခဲ့ပါသည်။ ၎င်းတို့အနက် ဆောင်ရွက်ရန်ကျန်ရှိနေသော လုပ်ငန်း (၄၀) ကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး၊ မပြီးပြတ်သေးသောလုပ်ငန်း (၁၁) ခု၊ (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါမည်ဟု ကတိကဝတ်ပြုခဲ့သောလုပ်ငန်း (၂၂)ခု၊ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်နှင့် နောက်ပိုင်းတွင် ဆောင်ရွက်ပေးရမည့် လုပ်ငန်း (၇) ခုရှိနေကြောင်း တွေ့ရှိခဲ့ရပါသည်။ အဆိုတင်သွင်းမှုများနှင့်စပ်လျဉ်း၍ တင်ပြခဲ့ရာတွင် အတည်ပြုခဲ့သောအဆို (၁၀၁)ခု အနက်မပြီးပြတ်သေးသော အဆို (၄) ခုကျန်ရှိသေးကြောင်းလေ့လာတင်ပြသွားခဲ့ပါသည်။

အပိုင်း (၄)တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလများမှ အဌမပုံမှန်အစည်း အဝေးကာလများအထိ ကြယ်ပွင့်မပြ မေးခွန်းများအနက် ကတိကဝတ်ဖြစ်ခဲ့တဲ့ မေးခွန်း (၆၁၅) ခုရှိခဲ့ပါသည်။ ၎င်းတို့အနက် မပြီးပြတ်သေးသော လုပ်ငန်း (၈၅) ခုရှိခဲ့ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး၊ အကောင်အထည်ဖော် ဆောင်ရွက်ရန် မပြီးပြတ်သေး သောလုပ်ငန်း (၂၇) ခုကိုတွေ့ရှိခဲ့ရပါသည်။ (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုထားခဲ့သော လုပ်ငန်း (၄၆) ခု၊ (၂၀၁၅ - ၂၀၁၆) ဘဏ္ဍာရေးနှစ်နှင့် နောက်ပိုင်းကာလများ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် လုပ်ငန်း (၁၂)ခု ရှိနေကြောင်း လေ့လာတင်ပြသွားခဲ့ပါသည်။

## ကော်မတီ၏ စိစစ်တွေ့ရှိချက်

(က) အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားခဲ့သော အဖြေများမှာ လတ်တလော ဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်သော ဖြေဆိုခြင်းများရှိသကဲ့သို့ အချို့မှာ လာမည့်ဘဏ္ဍာနှစ်များတွင်မှ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ လျာထားဆောင်ရွက်ရသည်များကိုလည်း စိစစ်တွေ့ရှိခဲ့ရကြောင်း တင်ပြသွားခဲ့ပါသည်။

( ခ ) ပထမအကြိမ်အမျိုးသားလွှတ်တော်၊ နဝမပုံမှန်အစည်းအဝေး (၁၈၊ မတ်၊ ၂၀၁၄ ရက်) နေ့တွင် ကျင်းပသည့် (၂၇)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်သက်တမ်း (၃) နှစ်ကျော်လာပြီဖြစ်ပြီး (၂)နှစ် သာကျန်တော့ကြောင်း၊ ကတိကဝတ်များကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်း ဥပဒေ ကြမ်းနှင့် အစိုးရအဖွဲ့မှ အရအသုံးဘတ်ဂျက်ဥပဒေကြမ်းနှင့် အကောင်အထည်ဖော်ရကြောင်း၊ ယခု (၂၀၁၄-၂၀၁၅)ဘတ်ဂျက်နှစ်များတွင် မပါဝင်ဟုဆိုကာ ကျန်ရှိနေသည်များကို(၂၀၁၄-၂၀၁၅)နောက်ဆက်တွဲ တောင်းခံငွေ ကျန်ရှိနေသေးပါကြောင်း၊ (၂၀၁၅-၂၀၁၆) ဘတ်ဂျက်တွင်လည်း တောင်းခံရန် ကျန်ရှိနေသေးပါကြောင်း၊ ယခုဘက်ဂျက်နှစ်များတွင် မပါရှိသေးပါက နောက်ဆက်တွဲ (၂၀၁၄-၂၀၁၅)ဘက်ဂျက်နှစ်များတွင် ပါရှိမည်ဖြစ်ပါကြောင်း၊ (၂၀၁၄-၂၀၁၅) တွင်မပါရှိပါက (၂၀၁၅-၂၀၁၆) ဘတ်ဂျက် နောက်ဆက်တွဲများတွင် လက်ကျန်အားလုံးကို ရှင်းနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လွှတ်တော်သက်တမ်း ကုန်ဆုံးသွားသည့်အချိန်တွင် ကတိကဝတ်များအားလုံးကိုလည်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်အောင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ အကယ်၍ အခက်အခဲ ရှိခဲ့ပါကလည်း ကော်မတီထံသို့ တင်ပြလိုသည်များကိုလည်း တင်ပြဆွေးနွေးနိုင်ပါကြောင်း တင်ပြသွားခဲ့ပါသည်။

( ဂ ) လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားများ၏ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးအနေဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဆောင်ရွက်နေ

မှုများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို (၂)ပတ်တစ်ကြိမ် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ကိုလည်းတွေ့ရှိခဲ့ရပါသည်။

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်ကို ကော်မတီအနေဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများသို့ (၂၄-၃-၂၀၁၄) ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးခေါ်ယူ၍ ကြိုတင်အသိပေး အကြောင်းကြားခဲ့ကြောင်းကိုလည်း ကိုးကားသွားခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးဌာန များနှင့်လည်း (၁၉-၆-၂၀၁၄) ရက်နေ့တွင် ထပ်မံ ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ဆောင်ရွက်ပြီးစီး မှုအခြေအနေများ၊ ဘတ်ဂျက်များတွင် သတ်မှတ်ထားရှိခဲ့သော ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း၊ အဆိုပါအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုများအရ ကတိကဝတ် ပြုခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဘတ်ဂျက်တွင် သတ်မှတ် အတည်ပြုပြီးဖြစ်ပါက ကော်မတီအနေဖြင့် လုပ်ငန်းပြီးမြောက်သည်ဟု သတ်မှတ်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်ပါက ကတိကဝတ်ပြုမှုများကို မလွှဲမသွေ အကောင်အထည်ဖော် ဆောင်ရွက်ရသည်ဖြစ်၍ လုပ်ငန်းပြီးမြောက်အောင် ပြည်ထောင်စု ဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ရန်သာဖြစ်ကြောင်း ညှိနှိုင်းသဘောတူ ဆုံးဖြတ်ခဲ့ကြောင်း ကိုလည်း တင်ပြသွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ အထက် ပါ ကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်ချက် အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ရာ ဥက္ကဋ္ဌမှ ကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည် ဖော်ဆောင်ရွက်ရန် အတည်ပြုသည်ဟု မှတ်ချက်ပြုခဲ့ကြောင်း တင်ပြသွား ခဲ့ပါသည်။

( င ) ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလမှ အဋ္ဌမပုံမှန် အစည်းအဝေးကာလအထိ ဆောင်ရွက်ရန် ကျန်ရှိနေသေးသော ကြယ်ပွင့်ပြ မေးခွန်းများနှင့် ပတ်သက်၍ စိစစ်တွေ့ရှိချက်မှာ ကတိကဝတ် ပြုခဲ့သည့် မေးခွန်းပေါင်း (၇၆၆) ခုရှိပြီး အစိုးရအဖွဲ့ရုံး မှပေးပို့သည့် ပြီးစီးမှုမှာ (၇၂၆) ခုဖြစ်သဖြင့် လုပ်ငန်းလက်ကျန် (၄၀) ခုရှိခဲ့ပါသည်။ ပထမပုံမှန် အစည်းအဝေးကာလမှ အဋ္ဌမပုံမှန်အစည်းအဝေးကာလအထိ အတည်ပြုအဆို (၁၀၁) ခုရှိပြီး အစိုးရအဖွဲ့ရုံးမှ ပေးပို့ခဲ့သည့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ (၉၇)ခုဖြစ်သဖြင့် ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်း (၄) ခုရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

( စ ) ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိနေသည့် ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ စိစစ်တွေ့ရှိချက် မှာ ကတိကဝတ်ဖြစ်ပေါ်ခဲ့သည့်မေးခွန်းပေါင်း (၆၁၅) ခုရှိပြီး အစိုးရအဖွဲ့ရုံးမှ ပေးပို့သည့် ဆောင်ရွက် ပြီးစီးမှုမှာ (၅၃၀) ခုဖြစ်သဖြင့် လုပ်ငန်း လက်ကျန် (၈၅) ခုရှိပါသည်။

(ဆ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းခြင်းအပေါ် ကတိပေးခဲ့သော်လည်း ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ဘတ်ဂျက်တွင် ပါဝင်မှုမရှိခြင်း၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ဘတ်ဂျက်လွှဲပြောင်းသုံးစွဲ ခြင်းတို့နှင့် လုပ်ငန်းလွှဲပြောင်းခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်များမှ ထပ်မံ၍ မေးခွန်းများ မေးမြန်းရခြင်းများလည်း ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

## ကော်မတီ၏ သုံးသပ်ချက်

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ အချို့အဆိုများမှာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဥပဒေကြမ်းများ ပြုစုရေးဆွဲရခြင်း၊ ဥပဒေကြမ်းအား အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊ အချို့အဆိုများမှာ ပြည်ထောင်စုဝန်ကြီးဌာနများက လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲရှိနေခြင်းများကြောင့် ဆောင်ရွက်ဆဲအဖြစ် ကျန်ရှိနေခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ အပေါ် ကတိကဝတ်ပြုခဲ့သည့် တုံ့ပြန်မှုများသည် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်ပါက ကော်မတီအနေဖြင့် ကတိကဝတ်ပြီးပြတ်သည်ဟု သတ်မှတ်သွားမည်ဖြစ်ပါသည်။ သို့သော် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ကတိကဝတ်ရှိခဲ့သည့် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်သည့်အပြင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လေ့လာစောင့်ကြည့်သွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

( ဂ ) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့ မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကတိကဝတ်အရ သတ်မှတ်ကာလအတွင်း အရည်အသွေးကိုက်ညီစွာ ပြီးမြောက်မှုမရှိခြင်း၊ ပြီးမြောက်ပါသော်လည်း ပြည့်စုံမှု (Perfect And Complete)မဖြစ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်တွင် မေးခွန်းများ ထပ်မံမေးမြန်းခြင်းဖြင့်လည်းကောင်း၊ ဤကော်မတီသို့ ဆက်သွယ်အကြံပြု အသိပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသွားခဲ့ပါသည်။

(ဃ) ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ (၁၃-၁-၂၀၁၃) မှ (၂၆-၃-၂၀၁၄) ရက်နေ့အထိ ကြာမြင့်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အတွေ့အကြုံ ရင့်ကျက်လာပြီဖြစ်ရာ မေးခွန်းများပုံမှန်မေးမြန်းခြင်းနှင့် အဆိုများ ပုံမှန်တင်သွင်းခြင်းများ ပြုလုပ်လာနိုင်သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အနေဖြင့်လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၏ ကတိကဝတ်ရှိခဲ့သည့် မေးခွန်းများ၊ အဆိုများအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အပတ်စဉ် အလေးထားစိစစ်ခဲ့မှုကြောင့် ယခုအခါ လုပ်ငန်းဆောင်ရွက်ချက် ပြီးစီးမှုမှာ တိုးတက်ကောင်းမွန်လာကြောင်း သုံးသပ်ရရှိပါသည်။

(င) လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြန်ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာမည်ဖြစ်သကဲ့သို့ လွှတ်တော်နှင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာမည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြသွားခဲ့ကြောင်းတို့ကို လေ့လာတွေ့ရှိခဲ့ ရပါသည်။

## ၃.၅။ လွှတ်တော်ပုံမှန်အစည်းအဝေးကာလများအတွင်း လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု

လွှတ်တော်ပုံမှန်အစည်းအဝေးကာလများအတွင်း အစည်းအဝေးတက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေသည် ပြည်သူ့လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် (၄၂၂) ဦး၊ အမျိုးသားလွှတ်တော်တွင်လည်း တပ်မတော်သားကိုယ်စားလှယ်များအပါအဝင် (၂၁၈) ဦး နှင့် ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော် လွှတ်တော်နှစ်ရပ်ပေါင်းမှ ကိုယ်စားလှယ် (၆၄၀) ဦး ရှိနေခဲ့ပါသည်။ သို့သော် ပုံမှန်အစည်းအဝေးကာလများအတွင်း ခွင့်တိုင်ကြားထားသောကိုယ်စားလှယ်များစာရင်းကို အရေအတွက်အားဖြင့် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။

### ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမအကြိမ်ပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ ကချင်ပြည်နယ် | (၁၅) ဦး | ၉။ မန္တလေးတိုင်းဒေသကြီး | ( ၃၆) ဦး |
| ၂။ ကယားပြည်နယ် | ( ၇) ဦး | ၁၀။ မွန်ပြည်နယ် | ( ၁၀) ဦး |
| ၃။ ကရင်ပြည်နယ် | ( ၇) ဦး | ၁၁။ ရခိုင်ပြည်နယ် | ( ၁၆) ဦး |
| ၄။ ချင်းပြည်နယ် | ( ၈) ဦး | ၁၂။ ရန်ကုန်တိုင်းဒေသကြီး | ( ၄၁) ဦး |
| ၅။ စစ်ကိုင်းတိုင်းဒေသကြီး | (၃၇) ဦး | ၁၃။ ရှမ်းပြည်နယ် | ( ၄၉) ဦး |
| ၆။ တနင်္သာရီတိုင်းဒေသကြီး | (၁၀) ဦး | ၁၄။ ဧရာဝတီတိုင်းဒေသကြီး | ( ၂၅) ဦး |
| ၇။ ပဲခူးတိုင်းဒေသကြီး | (၂၈) ဦး | ၁၅။ တပ်မတော်သား | |
| ၈။ မကွေးတိုင်းဒေသကြီး | (၂၃) ဦး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | (၁၁၀) ဦး |

**စုစုပေါင်း တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ = ၃၁၂ + ၁၁၀ = ၄၂၂ ဦး**

### ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစာရင်း

| | | | |
|---|---|---|---|
| ၁။ ကချင်ပြည်နယ် | (၁၂) ဦး | ၉။ မန္တလေးတိုင်းဒေသကြီး | (၁၂) ဦး |
| ၂။ ကယားပြည်နယ် | (၁၂) ဦး | ၁၀။ မွန်ပြည်နယ် | (၁၁) ဦး |
| ၃။ ကရင်ပြည်နယ် | (၁၂) ဦး | ၁၁။ ရခိုင်ပြည်နယ် | (၁၁) ဦး |
| ၄။ ချင်းပြည်နယ် | (၁၁) ဦး | ၁၂။ ရန်ကုန်တိုင်းဒေသကြီး | (၁၁) ဦး |
| ၅။ စစ်ကိုင်းတိုင်းဒေသကြီး | (၁၁) ဦး | ၁၃။ ရှမ်းပြည်နယ် | (၁၂) ဦး |
| ၆။ တနင်္သာရီတိုင်းဒေသကြီး | (၁၁) ဦး | ၁၄။ ဧရာဝတီတိုင်းဒေသကြီး | (၁၂) ဦး |
| ၇။ ပဲခူးတိုင်းဒေသကြီး | (၁၂) ဦး | ၁၅။ တပ်မတော်သား အမျိုးသား | |
| ၈။ မကွေးတိုင်းဒေသကြီး | (၁၂) ဦး | လွှတ်တော်ကိုယ်စားလှယ် | (၅၆) ဦး |

**စုစုပေါင်း တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ = ၁၆၂ + ၅၆ = ၂၁၈ ဦး**

## ၃.၅.၁။ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးအတွင်း ခွင့်တိုင်ကြားခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြ ဇယား

| စဉ် | အစည်းအဝေးကျင်းပသည့်ရက် | ခွင့်တိုင်ကြားပျက်ကွက်ခဲ့သည့် ကိုယ်စားလှယ်ရာခိုင်နှုန်း |
|---|---|---|
| ၁။ | ပထမနေ့ | ၇.၃၅ |
| ၂။ | ဒုတိယနေ့ | ၉.၉၅ |
| ၃။ | တတိယနေ့ | ၇.၈၂ |
| ၄။ | စတုတ္ထနေ့ | ၁၁.၁၄ |
| ၅။ | ပဉ္စမနေ့ | ၁၀.၆၆ |
| ၆။ | ဆဋ္ဌမနေ့ | ၁၁.၆၁ |
| ၇။ | သတ္တမနေ့ | ၁၈.၄၈ |
| ၈။ | အဋ္ဌမနေ့ | ၂၁.၅၆ |
| ၉။ | နဝမနေ့ | ၁၇.၅၄ |
| ၁၀။ | ဒသမနေ့ | ၁၉.၆၇ |
| ၁၁။ | ၁၁ ရက်မြောက်နေ့ | ၂၁.၈ |
| ၁၂။ | ၁၂ ရက်မြောက်နေ့ | ၁၇.၀၆ |
| ၁၃။ | ၁၃ ရက်မြောက်နေ့ | ၁၄.၄၅ |
| ၁၄။ | ၁၄ ရက်မြောက်နေ့ | ၁၀.၆၆ |
| ၁၅။ | ၁၅ ရက်မြောက်နေ့ | ၁၂.၈ |
| ၁၆။ | ၁၆ ရက်မြောက်နေ့ | ၁၉.၆၇ |
| ၁၇။ | ၁၇ ရက်မြောက်နေ့ | ၁၉.၆၇ |
| ၁၈။ | ၁၈ ရက်မြောက်နေ့ | ၁၅.၄ |
| ၁၉။ | ၁၉ ရက်မြောက်နေ့ | ၁၅.၆၄ |
| ၂၀။ | ၂၀ ရက်မြောက်နေ့ | ၁၈.၇၂ |
| ၂၁။ | ၂၁ ရက်မြောက်နေ့ | ၁၆.၅၉ |
| ၂၂။ | ၂၂ ရက်မြောက်နေ့ | ၁၁.၆၁ |
| ၂၃။ | ၂၃ ရက်မြောက်နေ့ | ၁၃.၇၄ |
| ၂၄။ | ၂၄ ရက်မြောက်နေ့ | ၂၁.၈ |
| ၂၅။ | ၂၅ ရက်မြောက်နေ့ | ၁၇.၃ |
| ၂၆။ | ၂၆ ရက်မြောက်နေ့ | ၂၀.၁၄ |
| ၂၇။ | ၂၇ ရက်မြောက်နေ့ | ၂၄.၁၇ |
| ၂၈။ | ၂၈ ရက်မြောက်နေ့ | ၂၂.၀၄ |
| ၂၉။ | ၂၉ ရက်မြောက်နေ့ | ၁၄.၄၅ |
| ၃၀။ | ၃၀ ရက်မြောက်နေ့ | ၁၇.၅၄ |
| ၃၁။ | ၃၁ ရက်မြောက်နေ့ | ၂၂.၀၄ |
| ၃၂။ | ၃၂ ရက်မြောက်နေ့ | ၁၁.၁၄ |
| ၃၃။ | ၃၃ ရက်မြောက်နေ့ | ၉.၄၈ |
| ၃၄။ | ၃၄ ရက်မြောက်နေ့ | ၁၅.၆၄ |
| ၃၅။ | ၃၅ ရက်မြောက်နေ့ | ၁၇.၀၆ |
| ၃၆။ | ၃၆ ရက်မြောက်နေ့ | ၁၀.၆၆ |
| ၃၇။ | ၃၇ ရက်မြောက်နေ့ | ၉.၇၂ |
| ၃၈။ | ၃၈ ရက်မြောက်နေ့ | ၉.၄၈ |

## ၃.၅.၂။ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးအတွင်း ခွင့်တိုင်ကြားခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြ ဇယား

| စဉ် | အစည်းအဝေးကျင်းပသည့်ရက် | ခွင့်တိုင်ကြားပျက်ကွက်ခဲ့သည့် ကိုယ်စားလှယ်ရာခိုင်နှုန်း |
|---|---|---|
| ၁။ | ပထမနေ့ | ၇.၈ |
| ၂။ | ဒုတိယနေ့ | ၉.၁၇ |
| ၃။ | တတိယနေ့ | ၁၀.၀၉ |
| ၄။ | စတုတ္ထနေ့ | ၁၁.၉၃ |
| ၅။ | ပဉ္စမနေ့ | ၁၁.၄၇ |
| ၆။ | ဆဋ္ဌမနေ့ | ၁၉.၇၂ |
| ၇။ | သတ္တမနေ့ | ၁၄.၂၂ |
| ၈။ | အဋ္ဌမနေ့ | ၁၆.၅၁ |
| ၉။ | နဝမနေ့ | ၆.၄၂ |
| ၁၀။ | ဒသမနေ့ | ၁၃.၇၆ |
| ၁၁။ | ၁၁ ရက်မြောက်နေ့ | ၁၇.၄၃ |
| ၁၂။ | ၁၂ ရက်မြောက်နေ့ | ၂၂.၀၂ |
| ၁၃။ | ၁၃ ရက်မြောက်နေ့ | ၂၄.၇၇ |
| ၁၄။ | ၁၄ ရက်မြောက်နေ့ | ၂၃.၈၅ |
| ၁၅။ | ၁၅ ရက်မြောက်နေ့ | ၂၂.၀၂ |
| ၁၆။ | ၁၆ ရက်မြောက်နေ့ | ၂၂.၀၂ |
| ၁၇။ | ၁၇ ရက်မြောက်နေ့ | ၂၅.၆၉ |
| ၁၈။ | ၁၈ ရက်မြောက်နေ့ | ၂၂.၉၄ |
| ၁၉။ | ၁၉ ရက်မြောက်နေ့ | ၂၅.၂၃ |
| ၂၀။ | ၂၀ ရက်မြောက်နေ့ | ၂၄.၇၇ |
| ၂၁။ | ၂၁ ရက်မြောက်နေ့ | ၂၆.၆၁ |
| ၂၂။ | ၂၂ ရက်မြောက်နေ့ | ၂၆.၆၁ |
| ၂၃။ | ၂၃ ရက်မြောက်နေ့ | ၃၁.၁၉ |
| ၂၄။ | ၂၄ ရက်မြောက်နေ့ | ၃၃.၄၉ |
| ၂၅။ | ၂၅ ရက်မြောက်နေ့ | ၃၁.၆၅ |
| ၂၆။ | ၂၆ ရက်မြောက်နေ့ | ၃၆.၇ |
| ၂၇။ | ၂၇ ရက်မြောက်နေ့ | ၃၂.၅၇ |
| ၂၈။ | ၂၈ ရက်မြောက်နေ့ | ၂၇.၅၂ |
| ၂၉။ | ၂၉ ရက်မြောက်နေ့ | ၂၅.၆၉ |
| ၃၀။ | ၃၀ ရက်မြောက်နေ့ | ၃၃.၉၄ |
| ၃၁။ | ၃၁ ရက်မြောက်နေ့ | ၂၄.၇၇ |
| ၃၂။ | ၃၂ ရက်မြောက်နေ့ | ၂၄.၃၁ |
| ၃၃။ | ၃၃ ရက်မြောက်နေ့ | ၁၈.၃၅ |
| ၃၄။ | ၃၄ ရက်မြောက်နေ့ | ၂၀.၆၄ |
| ၃၅။ | ၃၅ ရက်မြောက်နေ့ | ၂၄.၃၁ |
| ၃၆။ | ၃၆ ရက်မြောက်နေ့ | ၁၆.၅၁ |
| ၃၇။ | ၃၇ ရက်မြောက်နေ့ | ၁၀.၀၉ |

## ၃.၅.၃။ ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးအတွင်း ခွင့်တိုင်ကြားခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြ ဇယား

| စဉ် | အစည်းအဝေးကျင်းပသည့်ရက် | ခွင့်တိုင်ကြားပျက်ကွက်ခဲ့သည့် ကိုယ်စားလှယ်ရာခိုင်နှုန်း |
|---|---|---|
| ၁။ | ပထမနေ့ | ၇.၅ |
| ၂။ | ဒုတိယနေ့ | ၁၂.၅ |
| ၃။ | တတိယနေ့ | ၁၅ |
| ၄။ | စတုတ္ထနေ့ | ၁၄.၂၂ |
| ၅။ | ပဥ္စမနေ့ | ၁၅.၇၈ |
| ၆။ | ဆဋ္ဌမနေ့ | ၁၇.၉၇ |
| ၇။ | သတ္တမနေ့ | ၂၂.၉၇ |
| ၈။ | အဋ္ဌမနေ့ | ၂၇.၁၉ |
| ၉။ | နဝမနေ့ | ၁၆.၂၅ |
| ၁၀။ | ဒသမနေ့ | ၁၂.၀၃ |
| ၁၁။ | ၁၁ ရက်မြောက်နေ့ | ၁၀.၆၂ |
| ၁၂။ | ၁၂ ရက်မြောက်နေ့ | ၁၉.၆၉ |

# အခန်း (၄)

# ဒုတိယမပုံမှန်အစည်းအဝေးကာလများအတွင်း မေးမြန်းခဲ့သောမေးခွန်းများနှင့် တင်သွင်းခဲ့သောအဆိုများ၊ အတည်ပြုခဲ့သော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ သုတေသနပြုလေ့လာတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များ

## ၄.၁။ သုတေသနပြုလေ့လာတွေ့ရှိချက်များ

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် လွှတ်တော်များ၏ အဓိကတာဝန်များဖြစ်သော မဲဆန္ဒရှင် ပြည်သူများကို ကိုယ်စားပြုရေး၊ ဥပဒေပြုရေး၊ အစိုးရအား စိစစ်ထိန်းကျောင်းရေးတို့ကို ပိုမိုထိရောက်စွာနှင့်ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်နိုင်ရေးအတွက်ရည်ရွယ်ပါသည်။ မေးခွန်းများနှင့်အဆိုများသည် ဥပဒေပြုခြင်းဖြစ်စဉ်ထက် ပိုမိုလွယ်ကူရိုးရှင်းမှုများကြောင့်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထွက်ပေါ်လာခဲ့သည့် ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်များအပေါ် မဲဆန္ဒရှင် နိုင်ငံသားများ၏ စိတ်ဝင်စားမှုနှင့် နားလည်မှုတို့ကို တစ်ဆင့်ချင်း တည်ဆောက်နိုင်ရန် ရည်ရွယ်သည်ကတစ်ကြောင်း၊ အချက်အလက်များပိုမိုပြည့်စုံစေရန် အတွက် ရည်ရွယ်သည်ကတစ်ကြောင်းတို့ကြောင့်မေးခွန်းများနှင့် အဆိုများကို ဦးစွာလေ့လာခဲ့ကြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ဒုတိယမပုံမှန်အစည်းအဝေးများ၊ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးများနှင့် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးများအတွင်း မေးမြန်းခဲ့သောမေးခွန်းများ၊ တင်သွင်းခဲ့သော အဆိုများနှင့် အတည်ပြုခဲ့သော ဥပဒေကြမ်းများ၊ ထို့အတူ လွှတ်တော်အစည်းအဝေးများကျင်းပနေသည့်ရက်များအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်တိုင်ကြားပျက်ကွက်ခဲ့သော စာရင်းများကို သက်ဆိုင်ရာ လွှတ်တော် အစည်းအဝေးမှတ်တမ်း စာအုပ်များမှ ကောက်နှုတ်ပြီး မိမိတို့၏ တွေ့ရှိချက်များကို မှတ်တမ်းများပြုလုပ်၍ အစီအရင်ခံစာ ရေးသားပြုစုခဲ့ကြခြင်းဖြစ်ပါသည်။

## ၄.၂။ တွေ့ရှိချက်

ယခု ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများ၊ အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးများနှင့် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးများအတွင်း လွှတ်တော်အစည်းအဝေး ကျင်းပသည့် ရက်ပေါင်း ပြည်သူ့လွှတ်တော်တွင် (၃၈) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃၇) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁၂)ရက်ကျင်းပခဲ့ကြပါသည်။ ထိုသို့ ကျင်းပခဲ့ရာတွင် ပြည်သူ့လွှတ်တော် (၃၈) ရက်ကျင်းပခဲ့ရာ မေးခွန်းစုစုပေါင်း (၂၅၃) ခုမေးမြန်းသွားခဲ့ပြီး အဆိုပါ မေးခွန်းမေးမြန်းခဲ့မှုများနှင့်စပ်လျဉ်း၍ ပါတီများအလိုက် လေ့လာမှုပြုခဲ့ရာတွင် ပါတီစုစုပေါင်း (၁၃) ပါတီ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် ကော်မတီတစ်ခုတို့မှ မေးခွန်းများမေးမြန်းသွားခဲ့ကြပါသည်။ အဆိုစုစုပေါင်း (၁၇) ခုတင်သွင်းဆွေးနွေးသွားခဲ့ရာတွင်လည်း အဆိုအားလုံးကို ပါတီလေးပါတီမှ တင်သွင်းသွားခဲ့ပြီး အကြောင်းအရာအားဖြင့် ကဏ္ဍ (၁၀) ခုနှင့် ဆက်စပ်၍ အဆိုများတင်သွင်းသွားခဲ့ကြပါသည်။။

အမျိုးသားလွှတ်တော် (၃၇) ရက်ကျင်းပခဲ့ရာတွင်လည်း မေးခွန်းစုစုပေါင်း (၂၀၇) ခုမေးမြန်းသွားခဲ့ကြပြီး အဆိုပါ မေးခွန်းမေးမြန်းခဲ့မှုများနှင့် စပ်လျဉ်း၍ ပါတီများအလိုက် လေ့လာမှုပြုခဲ့ရာတွင် ပါတီစုစုပေါင်း (၁၄) ပါတီ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ကော်မတီတစ်ခုတို့မှ မေးခွန်းများမေးမြန်းသွားခဲ့ကြပါသည်။ အဆိုစုစုပေါင်း (၁၀) ခုတင်သွင်းဆွေးနွေးသွားခဲ့ရာတွင်လည်း အဆိုအားလုံးကို ပါတီသုံးခုမှ တင်သွင်းသွားခဲ့ပြီး အကြောင်းအရာအားဖြင့် ကဏ္ဍ (၈) ခုနှင့် ဆက်စပ်၍ အဆိုများတင်သွင်းသွားခဲ့ကြပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် အစည်းအဝေးကျင်းပခဲ့သည့်ရက်ပေါင်း (၁၂)ရက်အတွင်း မေးခွန်းများမေးမြန်းသွားခဲ့ခြင်း၊ အဆိုများ တင်သွင်းသွားခဲ့ခြင်းကို မတွေ့ရှိခဲ့ရပေ။ သို့ဖြစ်၍ ဒုတိယပုံမှန်အစည်းအဝေးကာလများအတွင်း အတည်ပြုခဲ့သော ဥပဒေကြမ်းများကို ဇယားများဖြင့် လေ့လာမှု လွယ်ကူအောင် ဖော်ပြထားပါသည်။

ဒုတိယပုံမှန် လွှတ်တော်စည်းအဝေးကာလများအတွင်း လွှတ်တော်များတွင် မေးခွန်းမေးမြန်းခဲ့မှုများသည် ယခင်ပုံမှန်အစည်းအဝေးကျင်းပမှုများထက် ပိုမိုမေးမြန်းလာခဲ့ကြသည်ကိုတွေ့ရှိခဲ့ရပါသည်။ ထိုသို့ မေးခွန်းမေးမြန်းမှုများတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများနှင့် အုပ်ချုပ်ရေးကဏ္ဍများနှင့် သက်ဆိုင်သော မေးခွန်းများကို ပိုမိုမေးမြန်းသွားခဲ့ကြသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။ အဆိုတင်သွင်းခဲ့မှုများသည် ယခင်ကျင်းပခဲ့ပြီးသော လွှတ်တော် ပုံမှန်အစည်းအဝေးများထက် နည်းပါးနေခဲ့သော်လည်း၊ တင်သွင်းခဲ့သောအဆိုများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဝင်ရောက်ဆွေးနွေးမှုသည် ရာခိုင်နှုန်းအားဖြင့်ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိခဲ့ရပါသည်။

## ၄.၃။ အကြံပြုချက်များ

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများနှင့်အတူ လွှတ်တော်နိုင်ငံရေး အသွင်သစ်တစ်ရပ် ပေါ်ထွန်းလာခဲ့ပေသည်။ လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများသည်လည်း လေးနှစ်တာ ကာလဖြတ်သန်းမှုရှိလာခဲ့ပြီးဖြစ်သကဲ့သို့ လွှတ်တော်ပုံမှန်အစည်းအဝေးများသည်လည်း ယခုအခါ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ပိုမိုအားကောင်းလာမှသာလျှင် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွားကို ပိုမိုဆောင်ရွက်လာနိုင်မည့် သဘောပင်ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များမှလည်း လွှတ်တော်၏ လုပ်ငန်းဆောင်တာများ အားကောင်းလာသည့်အခြေအနေကို အရအမိဆုပ်ကိုင်ပြီး မတူကွဲပြားသော အမြင်များ၊ ရှုထောင့်များ အားလုံးကို ထည့်သွင်းစဉ်းစား၍ နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် လုံခြုံမှုကို ပိုမိုမြင့်တင်ဆောင်ရွက်သွားနိုင်ရန်လိုအပ်မည် ဖြစ်ပါသည်။

လွှတ်တော်၏ အဓိကလုပ်ငန်းဆောင်တာများဖြစ်သော မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းစသည့်လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ရာတွင်လည်း လွှတ်တော်အင်စတီကျူးရှင်းများ၏ ဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်မည့် အပြောင်းအလဲများကို ပိုမိုပုံဖော်ဆောင်ကျဉ်းပေးနိုင်ရန်လိုအပ်ပေသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့၏ တိုင်းရင်းသားဖြစ်မှု၊ နိုင်ငံရေးပါတီနောက်ခံစသည့် အချက်အလက်များအပေါ် ထည့်သွင်းစဉ်းစားခြင်းထက် ဒီမိုကရေစီနှင့် နိုင်ငံရေးအလေ့အထကောင်းများ ပေါ်ထွန်းလာစေရေးကို ရှေးရှု၍ မေးခွန်းများမေးမြန်းမှုတွင်လည်းကောင်း၊ အဆိုများတင်သွင်းမှုတွင်လည်းကောင်း၊ ဥပဒေကြမ်းများတင်သွင်းမှုတွင်လည်းကောင်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားပြုသူများ၊ ဝင်ရောက်ဆွေးနွေးခွင့်ရှိသူများအားလုံး၏ အမြင်ရှုထောင့်များ၊ ဝင်ရောက်ဆွေးနွေးသွားမှုများကိုလည်း တန်ဖိုးထား ထည့်သွင်းစဉ်းစားရန်လိုအပ်သကဲ့သို့ သက်ဆိုင်ရာ မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုများကိုလည်း မပြတ်အလေးထားဆောင်ရွက်သွားနိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း ရွေးကောက်ပွဲသက်တမ်းကာလတစ်ခုကို ကုန်လွန်ဖြတ်သန်းရန် ကာလတိုအပိုင်းအခြားတစ်ခုသာကျန်ရှိတော့သည့်အတွက် မိမိတို့၏ မဲဆန္ဒနယ် အသီးသီးမှ ရွေးကောက်တင်မြှောက်ခဲ့သော ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကိုမပြတ်စောင့်ကြည့်လေ့လာခြင်း၊ မိမိတို့၏ဒေသ၊ မိမိတို့နိုင်ငံအကျိုးစီးပွားနှင့် ဆက်စပ်သော အရေးကိစ္စများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခြင်း၊ အသိပေးခြင်း၊ အားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုမြင့်မားလာစေနိုင်ပါသည်။ ကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှု၊ ဥပဒေပြုမှု၊ အစိုးရအား ထိန်းကျောင်းစိစစ်မှု စသော စွမ်းဆောင်ရည်များလည်း ပိုမိုမြင့်မားစွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

# ကိုးကားစာရင်း

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (စတုတ္ထတွဲ)၊ လွှတ်တော်ရုံး။
၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၁၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၁၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၁၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၆။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။

၁၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၁၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၁၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၂၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၂၈။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၂၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး မှတ်တမ်း (တတိယတွဲ)၊ လွှတ်တော်ရုံး။
၃၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။
၃၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ပထမတွဲ)၊ လွှတ်တော်ရုံး။
၃၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (ဒုတိယတွဲ)၊ လွှတ်တော်ရုံး။
၃၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၃၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၃၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၃၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၃၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။

၃၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၄၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၄၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၄၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၄၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၄၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။
၄၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး မှတ်တမ်း (Digital Copy)၊ လွှတ်တော်ရုံး။m
၄၆။ The New Light of Myanmar; dated 25th October, 2011; 17th December, 2011; 7th, 14th January, 2012; 8th February, 2012; 4th July, 2012; 2nd August, 2012; 4th, 9th January, 2013; 13th June, 2013; 2nd August, 2013;
၄၇။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြန်တမ်း၊ ၂၀၁၂ ခုနှစ်မေလ၊ ၄ ရက်နေ့ ။
၄၈။ မြန်မာ့ရက်စဉ်သမိုင်း (တတိယတွဲ၊အပိုင်း-၂)၊ သမိုင်းသုတေသန ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

လွှတ်တော်စောင့်ကြည့်လေ့လာရေး **အစီရင်ခံစာ အမှတ် (၄)**

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(ဒဿမပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၄) အနေဖြင့် အစည်းအဝေး တစ်ကြိမ်ချင်းအလိုက် သုံးသပ်လေ့လာမှု ပြုရာတွင် လွှတ်တော်လုပ်ငန်းဆောင်တာများထဲမှ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုင်းခြားလေ့လာထားခြင်းဖြစ်ပါသည်။ ရရှိနိုင်သည့် အချက်အလက်အထောက်အထားများကို အခြေခံ၍ ယခု ' မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက် (ဒဿမ ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြုလေ့လာချက်)' ကို ကိန်းဂဏန်းစာရင်းဇယားများနှင့် ဂရပ်ပုံများအဖြစ်ပြောင်းလဲလျက် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေရခြင်း ဖြစ်ပါ သည်။

လွှတ်တော်ကိုယ်စားလှယ်များစောင့်ကြည့်လေ့လာရေးအစီအစဉ်မှ အစီရင်ခံစာများကို ရွေးကောက်ခံ သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်၊ အများပြည်သူ သိရှိခြင်းငှာ ထောက်ပြနိုင်ရန်နှင့်အကြံပေးမှုများကိုပြုလုပ်နိုင်ရန် ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်မှ ပြုစုထုတ်ဝေသွားမည် ဖြစ်ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် ငွေကြေးအကျိုးအမြတ်အတွက် ရည်မျှော်ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားသော အနာဂတ်ကို တည်ဆောက်ရာတွင် နိုင်ငံသားတိုင်း တစ်ဦးမကျန် ပါဝင်အားစိုက် ဆောင်ရွက်နိုင်ကြရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် သတင်းအချက်အလက်နှင့် အသိဉာဏ်အလင်း ရပိုင်ခွင့်များကို မြှင့်တင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ နိုင်ငံရေးပါတီအစွဲမရှိသော၊ အနှောင်အဖွဲ့ကင်း၍အတွေးအခေါ်အရ လွတ်လပ်သော လူပုဂ္ဂိုလ်များ၏ စုဖွဲ့ဆောင်ရွက်မှု တစ်ခုလည်းဖြစ်သည်။ ထိုသို့စုဖွဲ့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းစုဖွဲ့မှုသည် အထက်အောက် စုဖွဲ့ဆောင်ရွက်မှုမျိုးမဟုတ်ဘဲ တန်းတူပူးပေါင်းပါဝင်မှုရှိသည့် အဖွဲ့အစည်းပုံစံ ဖြစ်သည်။

**ပွင့်လင်းမြန်မာ့ရှေ့ဆောင်**
**အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်၊**
**(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်**
E-mail : research@omimyanmar.org